မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၉၃)၊ အမှတ် (၁၆၀)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်

ရန်ကုန် မတ် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်သည် ယနေ့ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကျောဖုံးသို့

ရင်းရင်းနှီးနှီး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၉ ရက်)

နည်းပညာနှင့် စိုက်ပျိုးရေရရှိမှု အပြည့်အဝအသုံးချ သီးနှံအထွက်တိုးရေး ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံသူနိုင်ငံသားများ၏ စားနပ်ရိက္ခာ ဖူလုံပြည့်စုံစေရေး အတွက်သာမက နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုကိုပါ ဖော်ဆောင်ဖြည့်ဆည်းပေးနေသော ထုထည်ပမာဏကြီးမားသည့် အခြေခံအကျဆုံး ကုန်ထုတ်လုပ်ငန်းကြီးတစ်ရပ်ဖြစ်သည်။

ထို့အပြင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တောင်သူလယ်သမားကြီးများ အပါအဝင် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက်ပါ ဖန်တီးဖော်ဆောင်ပေးနိုင်သော စီးပွားရေးကဏ္ဍကြီးတစ်ရပ်လည်း ဖြစ်သည်။

နိုင်ငံတော်၏ အခြေခံအကျဆုံးသော စီးပွားရေးကဏ္ဍဖြစ်သည့်အပြင် နိုင်ငံသူနိုင်ငံသား အများစု ဖြစ်သော တောင်သူလယ်သမားကြီးများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်းဖြစ်သော လယ်ယာ စိုက်ပျိုးရေး ကဏ္ဍတိုးတက်အောင်မြင်ရေးအတွက် မြေသယံဇာတ၊ ရေသယံဇာတများကို အစွမ်းကုန်အသုံးချ နိုင်စေရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများရရှိရေးနှင့် စက်မှုစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေး တို့ကို နိုင်ငံတော်က အထူးအားပေး ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍ၏ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား ကျခံသုံးစွဲလျက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင် စီမံကိန်းများ မြေအောက်ရေရရှိရေး လုပ်ငန်းများကို ရေမြေသဘာဝ အခြေအနေကိုလိုက်၍ တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ပြီးစီးသွားသည့် မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ရင်းငြိမ်ရေထိန်းတံခါးကို ဖေဖော်ဝါရီလ ၂၇ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ ရင်းငြိမ်ရေထိန်း တံခါးသည် ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတစ်ဝန်း၌ ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည့် ဆည်တမံ လုပ်ငန်းများအနက် ၁၈၃ခုမြောက် ရေထိန်းတံခါးဖြစ်သည်။

အဆိုပါ ရေထိန်းတံခါးကို တည်ဆောက်ပေးသည့်အတွက် မိုးကာလ၌ လယ်မြေများ ရေကြီး ရေလွှမ်းမိုးခြင်းတို့မှ ကာကွယ်ပေးနိုင်မည့်အပြင် စိုက်ပျိုးမြေဧက၂၀၀၀၀၌ သီးနှံများ ပိုမိုစိုက်ပျိုး ထုတ်လုပ်လာနိုင်တော့မည်ဖြစ်သည်။ မွန်ပြည်နယ်အတွင်း ရင်းငြိမ်ရေထိန်းတံခါးအပါအဝင် အဇင်း ရေလှောင်တမံ၊ ဝါးပါးရေလှောင်တမံ၊ ဘီးလင်းရေလွှဲဆည်၊ ရွှေနတ်တောင်ရေလှောင်တမံ၊ ဝင်းဖနုံ ရေလှောင်တမံ၊ ဇိုက္ကရဲရေထိန်းတံခါးနှင့် ကျုံထော်ရေထိန်းတံခါးတို့ကို တည်ဆောက်ပေးထားပြီးဖြစ်ရာ စိုက်ပျိုးမြေဧက၈၄၀၀၀ကို အကျိုးပြုနေပြီ ဖြစ်သည်။

နိုင်ငံတော်က စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ယခုကဲ့သို့ တည်ဆောက်ဖြည့်ဆည်းပေးမှု ကြောင့် မွန်ပြည်နယ်၏ စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လျက်ရှိသည်။ ၂၀၀၅-၂၀၀၆ ခုနှစ်က မိုးစပါးဧက ရှစ်သိန်းကျော်နှင့် နွေစပါးဧက တစ်သိန်းကျော် စိုက်ပျိုးနိုင်ပြီး ယခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးဧက၁၀သိန်း ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး စီစဉ်ထားသည်။

စပါးအပြင် အခြားသီးနှံများဖြစ်သည့် မိုးမြေပဲ၊ ဆောင်းမြေပဲ၊ မိုးနှမ်း၊ ဆောင်းနှမ်း၊ နေကြာ၊ ပဲမျိုးစုံ၊ ကြံ၊ ရော်ဘာနှင့် ငရုတ်ကောင်းတို့ကိုလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ထို့အပြင် ဇီဝလောင်စာဆီထုတ်လုပ်နိုင်ရေးအတွက် ကြက်ဆူပင်များကို ၂၀၀၆ ခုနှစ်မှ စတင်၍ သုံးနှစ်အတွင်း ဧကငါးသိန်းပြည့်မီစွာ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေပေးသွင်းနိုင်ပြီး သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ခြင်း၊ မြေလွတ်မြေရိုင်းများ၊ ပလပ်မြေများ၊ ရေကြီးကွင်း၊ ရေနက်ကွင်းများကို အဖိုးတန်လယ်မြေများအဖြစ် ဖော်ထုတ်တိုးချဲ့နိုင်ခြင်း၊ မျိုးကောင်း မျိုးသန့်နှင့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများ အသုံးပြုနိုင်ခြင်းတို့ကြောင့် သီးနှံစိုက်စွမ်းအားတိုးတက်မှု၊ အထွက်နှုန်းမြင့်မားမှု အကျိုးရလဒ်ကောင်းများကို တောင်သူလယ်သမားကြီးများ ရရှိခံစားနေကြရပြီ ဖြစ်သည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများနှင့် တာဝန်ရှိသူအသီးသီးတို့က ဒေသ၏ ရေမြေရာသီဥတု ကောင်းမွန်မှု၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့် စိုက်ပျိုးရေရရှိမှု အခြေခံကောင်းများကို အပြည့်အဝအသုံး ချပြီး ကျေးလက်ပြည်သူများ၏ လူမှုစီးပွား တိုးတက်မြင့်မားလာရေးအတွက် သီးနှံအထွက်တိုးရေး ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၉-၃-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅း၀၀ ၈။ မျိုးချစ်တပ်မတော်
- ၅း၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၅။ ကာတွန်းအစီအစဉ် **“ပါကျဲ”** (အပိုင်း-၁၆)
- ၆း၄၅ ၁၆။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြက်ခင်းစိမ်းနဲ့ အိမ်ကလေး”** (အပိုင်း-၄)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြဝတီရဲ့ မြဝတီ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“တရားစီရင်ထုံး”** (အပိုင်း-၁၆)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ မပြတ်မနေဖော်ဆောင် စီးပွားရေးတိုးတက်အောင် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် မတ် ၈

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးမြတ်ကို၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရဲထောက်ချုပ်နှင့် ညွှန်ကြားရေးမှူးများ လိုက်ပါလျက် မတ် ၅ ရက် နံနက်၁၀နာရီက တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်ကုန်းမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့စခန်း၌ ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များအား တွေ့ဆုံ၍ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ရပ်ကွက်၊ ကျေးရွာ အုပ်စု၊ မြို့နယ်တို့သည် အခြေခံဖြစ်ကြောင်း၊ စည်းကမ်းရှိ၍ ကြိုးစားကြရန် လိုအပ်ကြောင်း၊ နယ်မြေအေးချမ်းသာယာ ရေးနှင့် တရားဥပဒေ စိုးမိုးရန်လိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းကြရန် လိုကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ကိုလည်း မပြတ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုကြောင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ကြက်ဆူပင်များ စီမံကိန်း သတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးရန် ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် တပ်ဖွဲ့ဝင်မိသားစုများနှင့် တွေ့ဆုံပြီး မိသားစုစိုက်ပျိုးမွေးမြူရေးကိစ္စများ ဆောင်ရွက် ရေး၊ ပြည်သူလူထုအား ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်ပြပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ၂၇ရက်က အနော်ရထာလမ်းနှင့် ၅၅ လမ်းထောင့်ရှိ အမှတ်(၂) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေနံ့သာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးစိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

■ *ကျော်ဖုံးမှ*

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Bhaskar Kumar Mitra တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ရှေးဦးစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော်အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်သည် အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာရာ အမြောက် (၂၁)ချက်ပစ်ဖောက်၍ ဂုဏ်ပြုသည်။

ဆီးကြိုနှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အထူးလေယာဉ်လှေကားထိပ်တွင် ဆီးကြိုကာ နှုတ်ဆက်သည်။

ထို့အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း၌ အသင့်စောင့်ကြိုနေကြသော ကျောင်းသူလေးများကလည်း နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး ကြွေးကြော်သံများကို ကြွေးကြော်၍လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

မိတ်ဆက်ပေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်အား မိမိနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊အဗ္ဗဒူလ်ကလမ် အား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊အဗ္ဗဒူလ်ကလမ်အား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊အဗ္ဗဒူလ်ကလမ်အား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊အဗ္ဗဒူလ်ကလမ်အား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်သည် ကြိုဆိုနှုတ်ဆက်ကြသည့် ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလေးပြုခြင်းခံယူ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံခန်းမသို့သွားရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူရန်အတွက် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ***စာမျက်နှာ ၇ ကော်လံ ၁ သို့***

ဆိုင်ကယ်စီး စတန့်လေ့ကျင့်

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ကားပြိုင်ကွင်းတွင် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်စီး၍ စတန့် အမျိုးပေါင်း ၄၀ တင်ဆက်ပြသရန်အတွက် လေ့ကျင့်နေသူတစ်ဦးကို မတ် ၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုက်ခိုက်မှုများကြောင့် နိုင်ဂျီးရီးယား ရေနံတင်ပို့မှုလျော့ကျ

နိုင်ဂျီးရီးယား မတ် ၈

နိုင်ဂျီးရီးယားနိုင်ငံသည် ကမ္ဘာ့ရေနံတင်ပို့ရောင်းချသော အိုပက်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်ပတင်ပို့သော ရေနံပိုက်လိုင်းများ တိုက်ခိုက်ခံနေရသောကြောင့် လျော့ကျသွားမည်ဖြစ်ကြောင်း မတ် ၇ရက်က ပြောကြားသည်။

နိုင်ဂျီးရီးယားရှိ တိုက်ခိုက်ရေးသမားများက နိုင်ဂျီးရီးယားမြစ်ဝမှ ပြင်ပသို့တင်ပို့နေသော ပိုက်လိုင်းများကို တိုက်ခိုက်နေသဖြင့် မတ်လကုန်တွင် နေ့စဉ်ရေနံထုတ်လုပ်မှု စည်ပေါင်း တစ်သန်း လျော့ကျမည်ဟု ဆိုသည်။

လျော့ကျသွား

ယင်းကဲ့သို့ ရေနံပိုက်လိုင်းများ၊ ရေနံအဆောက်အအုံများကို တိုက်ခိုက်နေသဖြင့် နိုင်ဂျီးရီးယားနိုင်ငံတွင် တစ်နေ့ ရေနံထုတ်လုပ်မှုစည်ပေါင်း ၄၅၅၀၀၀လျော့ကျသွားပြီဖြစ်ကြောင်း သိရသည်။

တင်ပို့ရောင်းချ

အိုပက်အဖွဲ့ဝင်များက ယင်းပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ယခုသီတင်းပတ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ တွေ့ဆုံဆွေးနွေးကြရန် ပြင်ဆင်နေကြကြောင်းလည်း သိရသည်။ နိုင်ဂျီးယားနိုင်ငံသည် ပုံမှန်အားဖြင့် တစ်ရက်လျှင် ရေနံစိမ်း စည်ပေါင်း၂ဒသမ၅သန်းတင်ပို့ရောင်းချနေသော နိုင်ငံဖြစ်သည်။ **(အေပီ)**

နိုင်ဂျီးရီးယားနိုင်ငံရှိ ရေနံပိုက်လိုင်းများကို တွေ့ရစဉ်။

လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ် ချုပ်ဆိုရေး ဂျီစီစီနှင့်အိန္ဒိယ ညီလာခံ၌ စဉ်းစားမည်

မတ်စကက် မတ် ၈

အိုမန်နိုင်ငံ မတ်စကက်၌ ယခုလအတွင်း ကျင်းပမည့် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ)နှင့် အိန္ဒိယ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ညီလာခံက လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ်(အက်ဖ်တီအေ) ယခုနှစ် မကုန်မီ လက်မှတ်ရေးထိုးရန် စဉ်းစားမည်ဖြစ်ကြောင်း အိုမန်ထိပ်တန်း အရာရှိတစ်ဦးက မတ်စကက်မြို့တော်၌ တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

အဆိုပြု

မတ် ၂၅၊၂၆ ရက်တို့တွင်ကျင်းပမည့် ဂျီစီစီ-အိန္ဒိယစီးပွားရေး ဖက်စပ်လုပ်ကိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးညီလာခံနှင့် စပ်လျဉ်း၍ အိုမန်ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်မိုရှင်ဘင်ခါမစ်အယ်ဘလူရှီက သတင်းစာ ဆရာများအား ရှင်းလင်းပြောကြားရာ၌ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူ စာချုပ်ရေးကိစ္စကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလက ပထမအကြိမ် ဂျီစီစီ-အိန္ဒိယစီးပွားရေးညီလာခံ မွမ်ဘိုင်း၌ ကျင်းပစဉ် စတင်အဆိုပြုခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

တက်ရောက်ကြမည်

မတ်စကက်ညီလာခံသို့ ဂျီစီစီနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့မှ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးများအပြင် ထိပ်တန်းအရာရှိကြီးများ တက်ရောက်ကြမည်ဖြစ်သည်။

တိုးမြှင့်ဖော်ဆောင်သွားမည်

ညီလာခံ၏ အဓိကရည်ရွယ်ချက်မှာ ဂျီစီစီအဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့်နည်းပညာနယ်ပယ်များတွင် စီးပွားရေးဆက်ဆံမှုများ အနာဂတ်တွင် တိုးမြှင့်ဖော်ဆောင်သွားရန် ဖြစ်ကြောင်း မစ္စတာဘလူရှီက ပြောကြားလိုက်သည်။

(အင်တာနက်)

ဗီယက်နမ်ဆန်များ ဂျပန်သို့ ပိုမိုတင်ပို့မည်

ဟန္နွိုင်း မတ် ၈

ဗီယက်နမ်နိုင်ငံသည် ဂျပန်နိုင်ငံသို့ မကြာမီကာလအတွင်း ဆန်တန်ချိန် ၂၈၀၇၈ တန် ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်ရေးဌာနက မတ် ၇ရက်၌ သတင်းထုတ်ပြန်သည်။

ပြောကြား

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၀၅ ခုနှစ်က ဂျပန်နိုင်ငံသို့ ဆန်တန်ချိန် စုစုပေါင်း ၇၉၀၂၄ တန် တိုးမြှင့်ကာ ဆန်တန်ချိန် ၈၄၀၇၈ တန်တင်ပို့ရန် ယခုနှစ်တွင် စာချုပ် ချုပ်ဆိုနိုင်ခဲ့သည်ဟု ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်ရေးဆိုင်ရာ သတင်းထုတ်ပြန်ရေးဌာနမှ ပြောကြားသည်။

တင်ပို့ရောင်းချ

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်၌ ပြည်ပသို့ ဆန်တန်ချိန် ငါးသန်း တင်ပို့ရောင်းချရန် ဆုံးဖြတ်ထားသည်။ ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမ နှစ်လမှာပင် ပြည်ပသို့ ဆန်တန်ချိန် ၅၈၀၀၀၀ တင်ပို့ ရောင်းချခဲ့ရာ အမေရိကန် ဒေါ်လာ၁၅၈ သန်း ရရှိခဲ့သည်။

တိုးတက်

ထိုသို့ပြည်ပသို့ ဆန်ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့သဖြင့် နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၂ဒသမ၉ရာခိုင်နှုန်းနှင့် ၃ဒသမ၈ရာခိုင်နှုန်းအသီးသီး ရှိကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်မှ ဖမ်းဆီးရမိသော တိရစ္ဆာန် ဆေးဝါးအတုများကို တာဝန်ရှိသူတစ်ဦး စစ်ဆေးနေသည်ကို မတ် ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိပ်တန်းစစ်သွေးကြွတိုက်ခိုက်ရေးသမားတစ်ဦး တိုက်ပွဲဖြစ်ပွားစဉ် လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးရမိ

ဒါကာ မတ် ၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ထိပ်တန်းစစ်သွေးကြွ တိုက်ခိုက်ရေးသမားတစ်ဦးအား ဘင်္ဂလားဒေ့ရှ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်မြောက်ပိုင်း၌ တိုက်ပွဲများဖြစ်ပွားစဉ် ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဖမ်းဆီးလိုက်

အဆိုပါ တိုက်ခိုက်ရေးသမားအား မိုင်မန်ဆင်းခရိုင်၌ ၎င်း၏ဇနီးနှင့်အတူ ဖမ်းဆီးလိုက်ကြောင်း ၎င်း၏အမည်မှာ ဂျာဂရာတာအဖွဲ့မှ အကြီးအကဲဖြစ်သည့် ဘန်ဂလာဘိုင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဒဏ်ရာပြင်းထန်

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အဆိုပါတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားကြရာ ဘန်ဂလာဘိုင်းမှာ ဒဏ်ရာအနည်းငယ်သာရခဲ့ပြီး အခြားအမည်မသိသူများမှာ ဒဏ်ရာပြင်းထန်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

ဂျာမနီနိုင်ငံ အရှေ့ပိုင်း ပို့စ်ဒန်မြို့ရှိဥယျာဉ် တစ်ခုတွင် ဒိုင်နိုဆော ရုပ်တု၏ ပါးစပ် အတွင်းသို့ ဦးခေါင်း သွင်း၍ ၎င်းအား ကိုက်နေဟန်ပြုလုပ် ပြနေသူ တစ်ဦးကို မတ်၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကူဝိတ်၌ သဘာဝဓာတ်ငွေ့သိုက်ကြီးတွေ့ရှိ

ကူဝိတ်စီးတီး မတ် ၈

ကူဝိတ်မြောက်ပိုင်း၌ သဘာဝဓာတ်ငွေ့သိုက်နှင့် ရေနံလုပ်ကွက်များကို ရှာဖွေတွေ့ရှိထားကြောင်း ကူဝိတ်နိုင်ငံက မတ် ၆ရက်၌ ကြေညာသည်။

ယင်းသဘာဝဓာတ်ငွေ့သိုက်သည် ဆားဘရီးယားနှင့် အမ္မန်နီကာဒေသ၌ ရေနံသဘာဝလုပ်ကွက်မလုပ်ရသေးသော နေရာမှ တွေ့ရှိခဲ့ကြောင်း၊ တစ်ကုဗမီတာ ထရီလီယံထွက်ရှိလိမ့်မည်ဖြစ်ကြောင်း ကူဝိတ်စွမ်းအင်ဝန်ကြီး ရှိတ်အာမတ်အယ်ဖတ်အယ်အာမက်အယ်ဆာဟက်က ပြောကြားသည်။

အဆိုပါနေရာမှ ရေနံစိမ်းစည်ပေါင်း ၁၀ မှ ၁၃ ဘီလီယံ ထွက်ရှိခဲ့ပြီးဖြစ်ကြောင်း ရှိတ်အာမက်က ပြောကြားသည်။

ယခုအခါ ဓာတ်ငွေ့ရှာဖွေတွေ့ရှိမှုကြောင့် ကူဝိတ်နိုင်ငံသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် အခြားပင်လယ်ကွေ့နိုင်ငံများမှ ဓာတ်ငွေ့များတင်သွင်းနေရမှု မှီခိုခြင်းကို လျှော့ချနိုင်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးက ပြောကြားသည်။

ယင်းသဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ၂၀၀၇ခုနှစ်အကုန်တွင် စတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကူဝိတ်နိုင်ငံသည် ရေနံအဓိကထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး ကမ္ဘာ့အရန်ရေနံထုတ်လုပ်မှု၏ ၁၀ရာခိုင်နှုန်းရှိပြီး တစ်နေ့လျှင် ရေနံစည်ပေါင်း ၂ဒသမ ၆သန်း ထုတ်လုပ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့ပလက်တီနမ် လက်ဝတ်ရတနာ အများဆုံးသုံးစွဲသည့်နိုင်ငံ တရုတ်နိုင်ငံဖြစ်လာ

ပေကျင်း မတ် ၈

တရုတ်နိုင်ငံသည် ကမ္ဘာ့ပလက်တီနမ်လက်ဝတ်ရတနာ အများဆုံးသုံးစွဲသည့် နိုင်ငံအဖြစ် ဂျပန်နိုင်ငံထံမှ လွှဲပြောင်းယူလိုက်ပြီ ဖြစ်ကြောင်း မတ် ၆ရက်က ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ကမ္ဘာ့ပလက်တီနမ်ဈေးနှုန်း မြင့်တက်သော်လည်း ပလက်တီနမ်လက်ဝတ်ရတနာများ ရောင်းဈေးကို ထိခိုက်လိမ့်မည်မဟုတ်ကြောင်း ကမ္ဘာ့ပလက်တီနမ်အသင်းမှ ဥက္ကဋ္ဌ လင်ဇီယွမ်က ပြောကြားသည်ကို ပေကျင်းနေ့စဉ်သတင်းစာက တနင်္လာနေ့တွင် ကိုးကားဖော်ပြသည်။

တရုတ်နိုင်ငံ၏ ပလက်တီနမ် လက်ဝတ်ရတနာရောင်းဈေးမှာ တရုတ်နှစ်သစ်ကူးပွဲတော်အပြီး လွန်ခဲ့သော ရက်ပေါင်း ၃၀အတွင်း ၁၀ရာခိုင်နှုန်း မြင့်တက်လာသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်သိပ္ပံပညာရှင်များ

သွေးခဲမှုစမ်းသပ်သည့်ကိရိယာ တီထွင်ထုတ်လုပ်ခဲ့

တိုကျို မတ် ၈

ဂျပန်သိပ္ပံပညာရှင်များသည် သွေးခဲမှုကို ကုသရာတွင် မိနစ်၈၀အတွင်း သွေးကြောပိတ်မှုကို ဖြစ်ပေါ်စေသော အကြောင်းအရာများကို အတိအကျ ညွှန်ပြနိုင်သည့် သွေးလည်ပတ်မှု စမ်းသပ်သည့်ကိရိယာကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း ယိုမီယူရီရှင်ဘွန်း သတင်းစာက မတ် ၅ ရက်၌ ဖော်ပြသည်။

တိုကျိုတက္ကသိုလ်၊ ရှီမုဇုကော်ပိုရေးရှင်းနှင့် တော့ပင်ပုံနှိပ်ရေးကုမ္ပဏီတို့က တီထွင်ပြုလုပ်ခဲ့သည့် အဆိုပါ ကိရိယာသည် ဒူလာရောဂါနှင့် ကင်ဆာရောဂါကို တိုက်ဖျက်ရာ၌ သွေးကျရသည့် အကြောင်းရင်းကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

ဦးနှောက်ထိခိုက်နိုင်

ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသည့် သွေးကြောပိတ်မှုကို တိုက်ဖျက်သည့် ဆေးဝါးဖြစ်သော ဝါဖာရင်းဆေးသည် ရေရှည်သုံးစွဲပါက နာတာရှည် ဖြစ်ခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ ဦးနှောက်ထိခိုက်ခြင်းများ ဖြစ်နိုင်သည်။

ယင်းပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် သုတေသနပညာရှင်များသည် သွေးခဲမှုနှင့် ကိုယ်တွင်းဓာတုဖြစ်စဉ်များနှင့် နီးနွှယ်သည့် ဗီဇနှစ်မျိုးကို လေ့လာခဲ့ရာ လူနာများကို ကယ်တင်နိုင်မည့် ဆေးဝါးနှင့် တိုက်ရိုက် ဆက်နွှယ်မှုကို တွေ့ရှိခဲ့ကြသည်။

အသုံးပြုနိုင်မည်

အဆိုပါ ကိရိယာသည် ဒူလာရောဂါ၊ စိတ်ဝေဒနာ၊ သွေးကင်ဆာနှင့် အဆုတ်ကင်ဆာများကို ကုသရာတွင်လည်း အသုံးပြုနိုင်မည် ဖြစ်သည်။

ဂျပန်ဆေးရုံအချို့သည် လာမည့်လတွင် အဆိုပါကိရိယာကို စမ်းသပ်အသုံးပြုရန် စီစဉ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရုရှားမြို့တော်ဟောင်းမှ ကွန်စတန်တင်နန်းတော်

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ ကွန်စတန်တင် နန်းတော်အဆောက်အအုံကို ဝေဟင်မှ တွေ့မြင်ရခြင်းဖြစ်သည်။ စိန့်ပီတာစဘတ်မြို့ကို ၁၇၀၃ ခုနှစ်က စီဇာပီတာက တည်ထောင်ခဲ့ကြောင်း သိရသည်။ ယင်းမြို့ကို တည်ထောင်မှုနှင့်အတူ ရုရှားနိုင်ငံက အနောက်သို့ တံခါးပေါက် ဖွင့်ပေးခဲ့ကြောင်း တွေ့ရစဉ်။ **(အောက်ပုံ)** အဆိုပါ နန်းတော်၌ ဇူလိုင်လတွင် ရုရှားနိုင်ငံက ဂျီ-၈ ထိပ်သီးအစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်းလည်း သိရသည်။ **(အေပီ)**





နှစ်သန်းပေါင်း ၃၀ကျော်ကဟု ယူဆရသော ရှေးအကျဆုံး လင်းနို့တစ်ကောင်၏ ကျောက်ဖြစ် ရုပ်ကြွင်းအရိုးစုကို တွေ့ရစဉ်။

နှစ်သန်းပေါင်း၃၀ကျော်က လင်းနို့ အရိုးစုရုပ်ကြွင်း

အမေရိကန်နိုင်ငံအနောက်ပိုင်း ယိုမင် တောင်ကြားရှိ ကျောက်ဖြစ် ရုပ်ကြွင်း ရေကန်မှ တွေ့ရသော လွန်ခဲ့သည့် နှစ်သန်းပေါင်း ၃၀ ကျော်ကဟု ယူဆရသော ရှေးအကျဆုံး လင်းနို့တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်း အရိုးစုကို ချီကာဂိုမြို့ ရှေးဟောင်းပြတိုက်တစ်ခု၌ ပြသထားသည်ကို တွေ့ရစဉ်။

(အင်တာနက်)

လင်းရှူးတစ်ကောင်အား သယ်ဆောင်

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်တွင် ဂူဟန်ဘီဂျီ လင်းပိုင် ပြတိုက်မှ ဝန်ထမ်းများ အရှည် ၁၁၁စင်တီမီတာနှင့် အလေးချိန် ၃၂ကီလိုဂရမ်ရှိ လင်းရှူးတစ်ကောင်အား စစ်ဆေးမှုပြုရန်အတွက် သယ်ဆောင်လာသည်ကို မတ် ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် စစ်ဘက်နေရာပြောင်းမှုအစီအစဉ် ဂျပန်ပြည်သူ ၃၅၀၀၀ ကန့်ကွက်ဆန္ဒပြ

တိုကျို မတ် ၈

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်းတွင် မတ် ၄ရက်က လူထောင်ပေါင်းများစွာတို့သည် အမေရိကန် စစ်ဘက်နေရာ ပြောင်းရွှေ့ရေးအစီအစဉ်ကို ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ပျမ်းမျှလူ ၃၅၀၀၀သည် အိုကီနာဝါစီရင်စုဂီနိုဝမ်တွင် နှစ်နာရီကြာ စုဝေးခဲ့ကြပြီး ယင်းမြို့ရှိ အမေရိကန် မရိန်းတပ်ဖွဲ့၏ ဖူတင်မာ လေဆိပ်အား ချက်ချင်းပိတ်ပစ်ရန်နှင့် အိုကီနာဝါမြို့မှ ပြောင်းရွှေ့ရန် တောင်းဆိုခဲ့ကြောင်း စည်းရုံးလှုံ့ဆော်သူများက ပြောကြားသည်။

ဖော်ပြ

ကမ္ဘာ့အန္တရာယ် အကြီးမားဆုံး အခြေစိုက်စခန်းဖြစ်သည့် ဖူတင်မာကို ချက်ချင်းပိတ်ပစ်ကာ ဂျပန်နိုင်ငံပြင်ပသို့ ပြောင်းရွှေ့သွားရန် ဂီနိုဝမ်မြို့ကလည်း ပြင်းပြင်းထန်ထန် တောင်းဆိုခဲ့ကြောင်း ဂီနိုဝမ်မြို့တော်ဝန် ယိုချီဟာ၏ ပြောကြားချက်ကို ကိုးကား၍ ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

အိုကီနာဝါသည် ဂျပန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀၀စခန်းချခဲ့ရာ၌ အများဆုံး လက်ခံသည့်နေရာ တစ်ခုဖြစ်သည်။ ဒေသနေ ပြည်သူများသည် ဆူညံသံများ၊ လူမှုရေးပြဿနာများနှင့် အခြေစိုက်စခန်းများနှင့် နီးနွှယ်သည့် မှုခင်းများကြောင့် ကာလရှည်ကြာကတည်းကပင် မကျေမနပ်ရှိခဲ့ကြသည်။

သဘောတူလက်ခံ

ကန့်ကွက်ဆန္ဒပြသူများက ဒေသခံများ၏ ခံယူချက်သဘောထားများကို ဂျပန်အစိုးရအနေဖြင့် အလေးထားလိုက်နာရန် တောင်းဆိုလိုက်ပြီး စုဝေးပွဲပြီးဆုံးချိန်၌ ဆုံးဖြတ်ချက်များကို သဘောတူလက်ခံခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကသာခရိုင် ကျောက်တန်း–ထီးချိုင့် လမ်းသစ်ဖွင့်ပွဲ တက်ရောက်အားပေး ထီးချိုင့်–ကသာလမ်းပေါ်ရှိ လမ်း၊ တံတားများနှင့် ကသာ–မိုးတားကြီးလမ်းပိုင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၈

ကောလင်းမြို့နယ် ကျောက်ပုထိုး၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၃ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က ကောလင်းမြို့နယ်၌ကျင်းပသည့် ကျောက်တန်း–ထီးချိုင့် လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

အစီအစဉ်အရ ကျောက်တန်း–ထီးချိုင့်လမ်း (ကောလင်းမြို့နယ်အပိုင်း)နှင့်ပတ်သက်၍ ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက် အင်ဂျင်နီယာ ဦးဌေးဝင်းက ရှင်းလင်းတင်ပြသည်။

ထို့နောက်ကျောက်တန်း–ထီးချိုင့်လမ်း (ကောလင်းမြို့နယ်အပိုင်း)ကို ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်အောင်၊ တိုင်းစည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ ကျောက်ပုထိုးရွှေထုတ်လုပ်ရေး သတ္တုတွင်းမှ အထွေထွေ မန်နေဂျာ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ဒေသခံ ပြည်သူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အခမ်းအနားသို့ တက်ရောက်သည့် ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်တန်း–ထီးချိုင့်လမ်း (ကောလင်းမြို့နယ်အပိုင်း) လမ်းသစ်ကို ဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကောလင်း–ထီးချိုင့်လမ်းတစ်လျှောက် လမ်းနှင့် တံတားအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောမကျေးရွာသို့ ရောက်ရှိ၍ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မရသိန်ကျေးရွာသို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ စစ်ကိုင်း–ကျောက်မြောင်း–ထီးချိုင့်–ကသာ–မိုးတားကြီး လမ်းပိုင်းနှင့် ကျောက်တန်း–ထီးချိုင့် လမ်းအခြေအနေများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်အောင်က ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မရသိန်ကျေးရွာရှိ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျေးရွာရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဒိုးပင်ကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ကာ မဲဇာချောင်း ရေနိမ့်တံတားအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒိုးပင်ကျေးရွာနှင့် မိချောင်းအိုက်ကျေးရွာသို့ ဆက်သွယ်သည့် အကျယ် ၁၅ ပေ အရှည်ပေ ၁၆၀ ရှိ ထိန်ချောင်းတံတားသို့လည်းကောင်း၊ ကြက်သွန်ခင်းကျေးရွာရှိ အကျယ် ၁၅ ပေအရှည် ပေ ၂၂၀ ရှိ မြို့လယ်ချောင်းတံတားသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ထီးချိုင့်မြို့နယ်၌ကျင်းပသည့် ကျောက်တန်း–ထီးချိုင့်လမ်း (ထီးချိုင့်မြို့နယ်အပိုင်း)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ကျောက်တန်း–ထီးချိုင့်လမ်း (ထီးချိုင့်မြို့နယ်အပိုင်း) လမ်းသစ်ဖွင့်ပွဲကို ထီးချိုင့်မြို့နယ်ဘက်ခြမ်း ကြက်သွန်ခင်းကျေးရွာရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုငါးအုပ်စုမှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၅၀၀ ကျော် တက်ရောက်ကြသည်။

ထို့နောက်ကျောက်တန်း–ထီးချိုင့်လမ်း(ထီးချိုင့်မြို့နယ်အပိုင်း) လမ်းသစ်ကို ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်အောင်နှင့် ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဘင်ခရာအဖွဲ့နှင့် ကျောင်းသားကျောင်းသူများအတွက် ဂုဏ်ပြုဆုငွေချီးမြှင့်ပြီး အခမ်းအနား တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်တန်း–ထီးချိုင့်လမ်း (ထီးချိုင့်မြို့နယ်အပိုင်း) လမ်းသစ်နှင့် မြို့လယ် ချောင်းတံတားတို့ကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** မင်္ဂလာစည်တော်အဖွဲ့ကို ဂုဏ်ပြုဆုငွေချီးမြှင့်သည်။

ခရီးမိုင်လျော့နည်းသွား

အဆိုပါ စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် ကျောက်တန်း–ထီးချိုင့်လမ်းသည် အရှည် ၂၂ မိုင် ၄ ဖာလုံရှိပြီး ယခင်လမ်းဟောင်း ကျောက်တန်း–ကျောင်းကုန်း–ထီးချိုင့် လမ်းသည် အရှည် ၄၄ မိုင် ၆ ဖာလုံရှိသဖြင့် ခရီးမိုင် ၂၂ မိုင်ကျော် လျော့နည်းသွားပြီး ခရီးသွားလာချိန် တစ်နာရီကျော်ခန့် သက်သာကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထီးချိုင့်–ကသာလမ်းဆုံသို့ရောက်ရှိပြီး လမ်းပိုင်းအခြေအနေနှင့် လမ်းဘေးဝဲ/ယာ၌ ဖြစ်ထွန်းအောင်မြင်နေသော နေကြာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး အသစ်ဖောက်လုပ်ထားသော ကသာ–မိုးတားကြီး လမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး နမ့်စန်းကျေးရွာသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကသာ–မိုးတားကြီး–ကျောက်ကြီး (ရွှေဂူလေးတစ်ဖက်ကမ်း) လမ်းအကြောင်း ရာဖွေတွေ့ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ရွှေဂူ၊ ကျောက်ကြီး အမတ်ကြီးကုန်း၊ ပိန်းခွင်ယန်၊ ဆင်ဘို၊ အကျဲ၊ မြစ်ကြီးနားလမ်း လမ်းအကြောင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နမ့်စန်းကျေးရွာရှိ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေးအတွက် ရှင်းလင်းမှာကြားသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ၊ ကျေးရွာ လျှပ်စစ်တပ်ဆင်ရေးအတွက် မတည်လှူဒါန်းငွေ ကျပ်ငါးသိန်းကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နမ့်စန်းကျေးရွာမှ ပြန်လည်ထွက်ခွာလာရာ ကသာမြို့သို့ ညနေ ၄ နာရီတွင် ရောက်ရှိပြီး ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

MRTV-4 အစီအစဉ်

၉–၃–၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	စိတ်ဝင်စားစရာပုလဲရတနာ (အပိုင်း–၂)
၇း၂၀	ဝါသနာရှင်စင်မြင့်
၇း၅၅	ပြည်တွင်းသတင်းအကျဉ်း
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ကမ္ဘာ့အမြင် ကမ္ဘာ့စီးပွား
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	အရောင်များထဲမှ အမျိုးသမီးများ
၉း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၅	မြန်မာ့ကြယ်လိပ် ထိန်းသိမ်းစောင့်ရှောက်ရေး
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	မိုးလေဝသခန့်မှန်းချက်
၉း၂၅	စလင်းရေလှောင်တမံ
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ပဲတီစိမ်းသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေး
၉း၄၅	ပြည်တွင်းသတင်းအကျဉ်း
၉း၅၅	Star Album (မိုးဒီ၊ ဆုပန်ထွာ၊ ပပဝင်းခင်၊ စုမေ)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	ဆန်းသစ်တီထွင် မြန်မာ့အကျီအသွင် (အပိုင်း–၁)
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (မဲလေးနှင့် သားစစ်နိုင်)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	မြွေပွေးအန္တရာယ်နှင့် မြွေကိုက်ခံရလျှင် လိုက်နာဆောင်ရွက်သင့်သည့်အချက်များ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဓာတုစေတီတော် ထီးတော်တင်လှူ

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်း သာကေတမြို့နယ် ၇/အနောက်ရပ်ကွက် မြေနီ ၂ လမ်း အာဒိကာရုံ(အရှေ့တိုက်) သမ္ဗုဒ္ဓေကျောင်းဝင်းအတွင်း၌ တည်ရှိသော သမ္ဗုဒ္ဓေဓာတ်ပေါင်းစု ဓာတုစေတီတော်အား ပြန်လည်မွမ်းမံ၍ တပေါင်းလဆန်း ၁၄ ရက် (မတ် ၁၂ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ထီးတော်သစ်တင်လှူပြီး တပေါင်းလပြည့် (မတ် ၁၃ ရက်) တနင်္လာနေ့ နံနက် အရုဏ်တက်တွင် ပင့်သံဃာ ၂၇ ပါးဖြင့် ဘုရားအနေကဇာတင်လှူပွဲအခမ်းအနားကျင်းပမည်ဖြစ်သည်။ အဆိုပါ အခမ်းအနားတွင် ကျောင်းထိုင်ဆရာတော် ဦးဝါသဝ၊ ဆရာမြတ်ကျော်ခန့်နှင့် တပည့် ပါရမီရှင်များက သင်္ကန်းဒွိစုံ နဝကမ္မလှူဖွယ်များဖြင့် ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ရာ မည်သူမဆို ပါဝင်လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ **(က–ပ)**

နိုင်ငံတကာ ဝက်ဝံရုပ်ပြပွဲ

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ယူနီဆက်မှ ကြီးမှူးကျင်းပသည့် နိုင်ငံတကာ ဝက်ဝံရုပ်ပြပွဲမှ ဝက်ဝံရုပ်များကို မတ် ၈ ရက်က တွေ့ရခြင်းဖြစ်သည်။ **(အောက်ပုံ)**

ရည်ရွယ်ပြသ

ယင်းဝက်ဝံရုပ်ပြပွဲသို့ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံ ၁၂၄ နိုင်ငံမှ ခရီးသွားပြပွဲတစ်ရပ်အဖြစ် လာရောက်ပါဝင်ပြသခဲ့ကြောင်း၊ ယင်းဝက်ဝံရုပ်များသည် ကမ္ဘာ့တစ်ဝန်းရှိ ကလေးများကိုကိုယ်စားပြုကာ ငြိမ်းချမ်းရေးအတူတကွ ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လျက် ပြသခြင်းဖြစ်ကြောင်း သိရသည်။ **(ကိုးကားချက်–အေပီ)**

ကမ္ဘာ့အကြီးဆုံး လက်ထပ်ကိတ်

ကမ္ဘာ့အကြီးဆုံး လက်ထပ်မင်္ဂလာပွဲ ကိတ်မုန့်ကြီးကို နယူးအင်္ဂလန်၌ မတ် ၈ ရက်က ပြုလုပ်ကာ ကမ္ဘာ့မှတ်တမ်းစာအုပ် ဂင်းနက်စ်ဝင်ရန် ကြိုးစားခဲ့ကြသည်။ ယင်းလက်ထပ်ကိတ်မုန့်ကြီးကို မိုဟေဂန်ဆန်းကက်စီနိုအဖွဲ့က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းလက်ထပ်ကိတ်ကြီးသည် အလေးချိန် ၁၅၀၃၂ ပေါင်၊ အမြင့် ၁၇ ပေရှိသည်။ **(အပေါ်ပုံ)** ယခု ပြုလုပ်လိုက်သော ကိတ်ကြီးသည် လက်ရှိ ဂင်းနက်စ်မှတ်တမ်းဝင်ထားသည့် လက်ထပ်ကိတ်မုန့်ကြီးထက် သုံးဆနီးပါး ပို၍ကြီးမားကြောင်း သိရသည်။ အဆိုပါကိတ်မုန့်ကြီးသည် ဘောက်စ်ဝက်ဂွန်ဘီတဲလ်ကား ငါးစီးထက် ပို၍လေးပြီး လူပေါင်း ၅၉၀၀၀ စားသုံးနိုင်သည်ဟု ဆိုသည်။

(ကိုးကားချက်–အင်တာနက်)

အင်တာနက်သတင်းနှင့် ဓာတ်ပုံ

စာမျက်နှာ ၃ မှ

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားသီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မိမိနှင့်အတူလိုက်ပါလာကြသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ရင်းရင်းနှီးနှီးထပ်မံနှုတ်ဆက်

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး ထပ်မံနှုတ်ဆက်သည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံမှ အစိုးရအဆင့်မြင့် အရာရှိကြီးများ လိုက်ပါလာကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ကြိုဆိုရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံ အဝင်ဝ၌ မုခ်ဦးပြာသာဒ်တည်ဆောက်ကာ နဖူးစည်းတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်အား လှိုက်လှဲစွာ ကြိုဆိုပါ၏ ဟူသော စာတန်းကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့်လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင် အဆောက်အအုံအဝင် ဝဲယာတို့တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဧည့်သည်တော် သမ္မတကြီး အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်တို့၏ ဓာတ်ပုံများကို ချိတ်ဆွဲ၍လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင်၊ ပြည်လမ်း ရှစ်မိုင်လမ်းဆုံ၊ အင်းလျားလေးကွေ့၊ အင်းလျားကန်ပေါင် ဝဲယာ၊ ကမာရွတ် လှည်းတန်းလမ်းဆုံ၊ ဟံသာဝတီအဝိုင်း၊ ဦးဝိစာရအဝိုင်း၊ ဦးထောင်ဗိုလ်အဝိုင်း၊ ပြည်သူ့ဥယျာဉ်ရှေ့နှင့် ကုန်သည်ကြီးများဟိုတယ် ဝန်းကျင်တို့၌ အိန္ဒိယသမ္မတနိုင်ငံအလံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံများကို လွှင့်ထူ၍လည်းကောင်း ဂုဏ်ပြုကြိုဆိုထားသည်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျောင်းသူကလေးများက နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

သတင်းနှင့်ပြန်ကြားရေးဆိုင်ရာလုပ်ငန်း အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာဆောင်ရွက်နိုင်ရေး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာကို အသုံးပြုရန်စီစဉ်လျက်ရှိ ခေတ်အဆက်ဆက် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ ဓာတ်ပုံမှတ်တမ်းများ ထိန်းသိမ်းထားရှိနိုင်မည်

ရန်ကုန် မတ် ၈

ပြန်ကြားရေးဝန်ကြီးဌာနအတွင်း Online System(GOS) ချိတ်ဆက်အသုံးပြုရေးနှင့် Digital Assets Management System အသုံးပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာနအတွင်း Online System (GOS) ချိတ်ဆက်အသုံးပြုရေးနှင့် Digital Assets Management System အသုံးပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာချုပ်၊ စာတည်းမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ ကွန်ပျူတာ လုပ်ငန်းရှင်များနှင့် ပညာရှင်များတက်ရောက်ကြသည်။

ရှေးဦးစွာ Forever Group ကုမ္ပဏီလီမိတက်မှ အမှုဆောင်အရာရှိချုပ် ဦးဝင်းမော်က Digital Assets Management နှင့် စပ်လျဉ်း၍လည်းကောင်း၊ Myanmar Computer Company (MCC) ကုမ္ပဏီများအုပ်စုဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က Online System (GOS) နှင့်စပ်လျဉ်း၍ လည်းကောင်းရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာန အတွင်း Online System (GOS) ချိတ်ဆက် အသုံးပြုသွားနိုင်ရေးအတွက် လုပ်ငန်းဆိုင်ရာများ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများအတွင်း Network ချိတ်ဆက်ပြီး Digital Assets Management System အသုံးပြုနိုင်ရေးအတွက် ဆွေးနွေးမှာကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အချိန်နှင့်တစ်ပြေးညီ လွယ်ကူချောမွေ့ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ (ICT) ကို အသုံးပြုသွားရန် စီစဉ်လျက်ရှိကြောင်း၊ (ICT)နည်းပညာကို အသုံးပြုခြင်းဖြင့် အတိတ်မှ သတင်းဖြစ်ရပ် မှတ်တမ်းများ၊ ရုပ်ရှင်ရုပ်မြင် မြင်ကွင်းများ၊ သတင်းဓာတ်ပုံများ၊ ရေဒီယိုအသံလွှင့်ချက်များ၊ စာနယ်ဇင်းများကို မြန်ဆန်လွယ်ကူစွာ ပြန်လည် ကိုးကားဖော်ပြနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် Video၊ Audio၊ Photo၊ Document Libary စသည်များကို သက်ဆိုင်ရာ လုပ်ငန်းဌာနအလိုက် ဒီဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းထားရှိပြီး ဝန်ကြီးရုံးနှင့်ချိတ်ဆက်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လတ်တလော အသုံးပြုရမည့် ကိစ္စရပ်များကို ဦးစားပေးတွက်ချက်သုံးသပ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ယင်းသို့ စတင်ဆောင်ရွက်ခြင်းဖြင့် မကြာမီကာလအတွင်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု သတင်းမြင်ကွင်းမှတ်တမ်းအဆင့်ဆင့်နှင့် ခေတ်အဆက်ဆက်မှ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ ဓာတ်ပုံဆိုင်ရာ မှတ်တမ်းအဆင့်ဆင့်ကို ပြည့်စုံစွာထိန်းသိမ်းထားရှိနိုင်မည်ဖြစ်ပြီး လိုအပ်သကဲ့သို့ အချိန်တိုအတွင်း အသုံးပြုသွားနိုင်မည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ ကွန်ပျူတာလုပ်ငန်းရှင်များ၊ ကွန်ပျူတာပညာရှင်များနှင့်ညှိနှိုင်းပေါင်းစပ်ပြီး လုပ်ငန်းဌာနအလိုက် စတင်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ပြန်လည်တင်ပြသွားရန်နှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေ ၃ နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၉-၃-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၀၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ အကပဒေသာ
- ၈း၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈း၂၅ ၉။ မအီချောင်းတံတား
- ၈း၃၀ ၁၀။ International News
- ၈း၄၅ ၁၁။ Let's Go
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English for Everyday Use
- ၁၆း၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
- ၁၇း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇း၂၀ ၇။ အတီးပြိုင်ပွဲ
- ၁၇း၃၅ ၈။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"** စိုးသူ၊ နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းချာန်သစ်၊ ယင်းမာ (ဒါရိုက်တာ-စောစန္ဒာလှိုင်)
- ၁၇း၄၅ ၉။ တေးဂီတအစီအစဉ်
- ၁၈း၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၂။ အဆိုပြိုင်ပွဲ
- ၁၈း၄၀ ၁၃။ (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
- ၁၈း၅၅ ၁၄။ သွင်းကုန်အစားထိုးစက်မှုရုပ်ကွက် (မှုဆယ်)
- ၁၉း၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရောင်စဉ်မေတ္တာ"** (အပိုင်း-၁၁)
- ၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"** (အပိုင်း-၁၃)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

တီထွင်ကြံဆ၊ ကျွမ်းကျင်ထက်မြက်မှုနှင့် ဗဟုသုတပြည့်ဝမှုများ မှန်ကန်စွာအသုံးပြု၊ နိုင်ငံနှင့်ပြည်သူ့အကျိုးဆောင်ရွက် ပြောင်းလဲတိုးတက်နေသည့် ခေတ်နှင့်အညီ အရည်အချင်း၊ အရည်အသွေးမြင့်မားရေး ဆက်လက်ဆည်းပူး လေ့လာ ဇီဝလောင်စာအစားထိုး ကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေး အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်း

ရန်ကုန် မတ် ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ၊ သင်တန်းကြီးကြပ်သူအရာရှိများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

လေ့ကျင့်ပျိုးထောင်

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းက သင်တန်းဆင်းအမှာစကားပြောကြားရာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် မျိုးဆက်သစ်လူငယ်များကို စဉ်တိုက်ဆက်တိုက် လေ့ကျင့်ပျိုးထောင်ပေးနေကြောင်း၊ ခေတ်စနစ်နှင့်အညီ အရည်အချင်း အရည်အသွေးမြင့်မားရေးကို ဆက်လက်ဆည်းပူးလေ့လာနေကြပါ။

အောင်မြင်အောင်ဆောင်ရွက်

အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မျိုးဆက်သစ်လူငယ်များ၏ ခေါင်းဆောင်မှု အရည်အသွေးသည် ထူးချွန်ထက်မြက်နေရမှာဖြစ်ကြောင်း၊ မိမိဆောင်ရွက်နေရသည့် လက်ငင်းတာဝန်ထက် ပိုမိုမြင့်မားသည့် ခေါင်းဆောင်မှုအရည်အချင်း၊ အရည်အသွေးများ ရရှိနေအောင် ဆည်းပူးလေ့လာနေကြရမည်ဖြစ်ကြောင်း၊ အသင်းအဆင့်ဆင့် လူငယ်ခေါင်းဆောင်များ အရည်အသွေးမြင့်မားနေမှ အသင်းကြီး၏ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် သွက်လက်လျင်မြန်စွာနှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

အသင်းကြီးသည်လည်း ခိုင်မာတောင့်တင်းသည့် အမျိုးသားရေးအင်အားစု အဖြစ် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။



အမှာစကား ပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်မှာ အရေးကြီးသည့် အခန်းကဏ္ဍကပါဝင်ကြောင်း၊ အသိပညာရှင်အတတ်ပညာရှင်ဖြစ်သည့် ပညာတတ်အရင်းအမြစ်များ၊ အမှန်အမှား၊ အကောင်းအဆိုး ခွဲခြားနိုင်ပြီး အတွေးအခေါ် အယူအဆကောင်းသည့် လူ့အရင်းအမြစ်များ၊ အရင်းအနှီးနှင့် အတတ်ပညာရှိသည့် လူ့အရင်းအမြစ်များနှင့် အေးချမ်းတည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှုကို မြတ်နိုးသည့် လူ့အရင်းအမြစ်များ၊ အရည်အချင်းမြင့်မားစွာဖြင့် အရေအတွက် များပြားစွာလိုအပ်ကြောင်း။

သင်တန်းများနှင့် ဆွေးနွေးပွဲများပြုလုပ်ပြီး အရည်အသွေး အရည်အချင်း တိုးတက်မြင့်မားရေး၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ထက်မြက်ရေး၊ အကြောင်းအကျိုး ဆင်ခြင်သုံးသပ်မှု ခိုင်မာသော ယုံကြည်ချက်၊ ခံယူချက်စသည့် စိတ်ပိုင်းဆိုင်ရာ မှန်ကန်ထက်မြက် ထူးချွန်ပြည့်စုံရေးများကိုလေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း။

မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေး စရိုက်လက္ခဏာနှင့် ဂုဏ်အင်္ဂါများကို အလေးထား ဂုဏ်ယူတတ်ရန်၊ ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု၊ ပြည်ထောင်စု စည်းလုံးညီညွတ်မှုကို တန်ဖိုးထားမြတ်နိုးတတ်ရန်လည်း ဆွေးနွေးပို့ချပေးနေခြင်းဖြစ်ကြောင်း။

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းတွင် နိုင်ငံသမိုင်း၊ အမျိုးသားရေးမူဝါဒ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အပြည်ပြည်ဆိုင်ရာကဏ္ဍတွင် ဒေသတွင်းနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာခဲ့ကြပြီးဖြစ်ကြောင်း။

လမ်းညွှန်အဖြစ်ခံယူဆောင်ရွက်

နိုင်ငံတော်ဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတကာအခြေအနေကို ကာလသုံးပါးဆက်စပ်ပြီး ဘဝအတွေ့အကြုံနှင့် ထင်ဟပ်လေ့လာခဲ့၍ နိုင်ငံတော်၏ အခြေအနေ၊ ကမ္ဘာ့အခြေအနေကို အတိုင်းအတာတစ်ခုအထိ သိမြင်နိုင်စွမ်းရှိလာပြီဟု ယုံကြည်ပါကြောင်း၊ ရရှိသည့်အသိပညာ၊ အတတ်ပညာ၊ နည်းပညာ၊ အတွေးအခေါ်၊ လုပ်နည်းနှင့် ဗဟုသုတများကို လက်တွေ့နယ်ပယ်တွင် လမ်းညွှန်အဖြစ် ခံယူဆောင်ရွက်ကြစေလိုကြောင်း။

ဘာသာရပ်အလိုက်၊ ဒေသနယ်ပယ်အလိုက်တွင် တီထွင်ကြံဆမှု၊ ကျွမ်းကျင်ထက်မြက်မှုနှင့် ဗဟုသုတပြည့်ဝမှုများကို မှန်ကန်စွာ အသုံးပြုပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးအတွက် ဦးတည်ချက်ရှိရှိ ထိရောက်စွာဆောင်ရွက်ကြပါ၊ ယုံကြည်မှု၊ အတတ်ပညာအသိ၊ ဆင်ခြင်အသိနှင့် ကျွမ်းကျင်ထက်မြက်မှုများကို မှန်မှန်ကန်ကန် ပေါင်းစပ်ဆောင်ရွက်ကြပါ၊ ပြောင်းလဲတိုးတက်နေသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးအတွင်း မိမိတို့တိုင်းရင်းသားလူမျိုးများသည် စာနာမှု၊နားလည်မှု၊တွယ်တာမှု၊ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု အရင်းခံစိတ်ဓာတ်နှင့် အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့ကြကြောင်း၊ စည်းလုံးညီညွတ်မှုအခြေခံကောင်းများ၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အခြေခံကောင်းများ အဆက်မပြတ်ရှင်သန်ထွန်းကားနေအောင် ထိန်းသိမ်းလာခဲ့ကြခြင်းဖြစ်ကြောင်း။

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်သည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးစိတ်ဓာတ်ဖြစ်ကြောင်း၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်သည် ဒို့တာဝန်အရေးသုံးပါး၏ အခြေခံလည်းဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ခံယူထားသည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ခိုင်မာသူများကသာ နိုင်ငံတော်ကို အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

အစိုးရ၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းပြီး ဒို့တာဝန်အရေးသုံးပါးကို ခံယူ၊ ဦးတည်ချက်(၁၂)ရပ်အတိုင်း အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေးခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကလိုအပ်ချက်များဖြစ်ကြောင်း။

ဈေးကွက်စီးပွားရေးစနစ်

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးစားပေးတည်ဆောက်၊ အေးချမ်းတည်ငြိမ်ရေးရရှိအောင်ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို နေ့မအား ညမနားဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်း၊ စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ကိုဆောင်ရွက်နေကြောင်း။

ကိုယ့်အားကိုယ်ကိုးပြီး ပြည်တွင်း အမျိုးသားစွမ်းအားစု၏ ဆောင်ရွက်မှုများကြောင့် စီးပွားရေးအခြေခံကောင်းများသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဟန်ချက်ညီညီတိုးတက် ဖြစ်ပေါ်နေပြီဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ ပြည်သူများပညာရည်မြင့်မားရေးကို ဆောင်ရွက်နေကြောင်း၊ ပြည်သူများ အတွေးအခေါ်မြင့်မားပြီး အသိပညာဉာဏ် ဗဟုသုတပြည့်စုံမှ နိုင်ငံတော်အတွက် ဒီမိုကရေစီနည်းကျကျ လူတော်လူကောင်းများကို ဆန္ဒစွဲကင်းရှင်းပြီး မှန်ကန်စွာ စဉ်းစားရွေးချယ်နိုင်မည်ဖြစ်ကြောင်း။

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်

ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်သည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးစိတ်ဓာတ်ဖြစ်၍ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်သည် ဒို့တာဝန် အရေးသုံးပါး၏ အခြေခံလည်းဖြစ်၏၊ ဒို့တာဝန်အရေးသုံးပါးကို ခံယူထားသည့် ပြည်ထောင်စု မျိုးချစ် စိတ်ဓာတ် ခိုင်မာသူများကသာ နိုင်ငံတော်ကို အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်။

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဟန်ချက်ညီညီ

အေးချမ်းတည်ငြိမ်ရေးအခြေခံကောင်း၊ အမျိုးသားစီးပွားရေးခိုင်မာမှု အခြေခံကောင်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းအောင် အကောင်အထည်ဖော်ဆောင်ရွက် ပေးနေခြင်းသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ဒေသကြီး ၂၄ခု ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အဆက်အစပ်ရှိရှိ ကွက်ပြည့်အကောင်အထည်ဖော်မှုကြောင့် မြို့ပြနှင့် ကျေးလက်ကွာဟချက်များ တစ်စထက်တစ်စ လျော့နည်းလာပြီး ဒေသအားလုံးတစ်ပြိုင်တည်း အချိုးညီညီ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ရေရရှိရေး၊ ကျေးလက်စီးပွားရေးတိုးတက်ရေး၊ ပညာရေး တိုးတက်စေရေး၊ ကျန်းမာရေးအဆင့် မြင့်မားရေးနှင့်အတူ ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက်ဖွင့်လှစ်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း။

ဇီဝလောင်စာ

လယ်ယာသုံးစက်ကိရိယာများ စွမ်းအားပြည့် အသုံးပြုနိုင်ရေး၊ လောင်စာအခက်အခဲမရှိရေး၊ ဒီဇယ်အစားထိုး ဇီဝလောင်စာ အသုံးပြုနိုင်ရေးအတွက် ကြက်ဆူပင်စိုက်ပျိုးရေးကို ဆောင်ရွက်နေကြောင်း။

ခြံစည်းရိုးကြက်ဆူပင်သည် မြေနေရာမရွေး ရှင်သန်နိုင်ပြီး ကြက်ဆူကြိတ်ဖတ်မှာ နိုက်ထရိုဂျင်ပါဝင်နှုန်းများသည့်အတွက် ဓာတ်မြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ ကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးပြီး ကျေးလက်စီးပွားရေး ဖွံ့ဖြိုးပြီး ဝင်ငွေတိုးပွားရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အသင်းကြီးသည် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဖြင့် ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နေသည်မှာ အတော်ပင်ခရီးရောက်နေပြီဖြစ်ကြောင်း၊ ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက်ဖွင့်လှစ်ရေး၊ ဇီဝလောင်စာအစားထိုး ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်အဖြစ် စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရန် မှာကြားလိုကြောင်း။

အမျိုးသားညီလာခံကြီး

နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအရ အသွင်ကူးပြောင်းရေးအတွက် ချမှတ်ဆောင်ရွက်နေသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံတော်၏ပကတိအခြေအနေနှင့် ကိုက်ညီမှန်ကန်သည့်အတွက် အမျိုးသားရေးပန်းတိုင်ကိုရောက်ရှိမှာ၊ အောင်မြင်ရရှိမှာဖြစ်ကြောင်း၊ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် အရေးကြီးဆုံးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကိုကျင်းပပြီး အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးတွင် လိုအပ်သည့်အခြေခံမူများ ချမှတ်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ အမျိုးသားညီလာခံအောင်မြင်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝနှင့် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **သင်တန်းမှာ နိုင်ငံတော်ရည်မှန်းချက်ပန်းတိုင် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးကို လေ့လာမှတ်သားခဲ့ကြပြီးဖြစ်၍ အရာရာကို မြော်မြင်တွက်ဆ အလေးအနက်ခံယူပြီး ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်သည့် နိုင်ငံသားကောင်း၊ အဖျက်အန္တရာယ်ကို တွန်းလှန်ဖယ်ရှားနိုင်သည့် ပြည်သူနှင့် တစ်သားတည်းရပ်တည်သော နိုင်ငံသားကောင်း၊ နိုင်ငံတော်နှင့်ပြည်သူအကြား ပေါင်းကူးဆက်စပ်ပေးနိုင်သည့် စည်းရုံးရေးမှူးကောင်း၊ အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြပါ၊**
- **တိုင်းရင်းသားပြည်သူများအကြား ဒို့တာဝန်အရေးသုံးပါးခံယူလိုစိတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်နဲ့ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်လိုစိတ်များ အစဉ်ရှင်သန်ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်ကြပါ၊**
- **တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ အေးချမ်းတည်ငြိမ်ရေး စိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ဆောက်ရေးစိတ်ဓာတ်များ၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ရှင်သန်နိုးကြားထွန်းကားပြန့်ပွားနေအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **ပြည်သူကိုကိုယ်စားပြုသည့် အမျိုးသားရေးအင်အားစုကြီးအနေနှင့် ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး ဦးတည်ချက်(၁၂)ရပ်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် အသင်းရှေ့လုပ်ငန်းစဉ်များအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါ**

ဟု တိုက်တွန်းပြောကြားသွားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဆင်းပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ ၂၁၁ဦး တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်

စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲ ဆုရသူများစာရင်းကြေညာ

ရန်ကုန် မတ် ၈

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်အဆင့်နှင့် အခြေခံကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံး နှင့် ကဗျာပြိုင်ပွဲများကိုလည်းကောင်း၊ ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကိုလည်းကောင်း ကျင်းပခဲ့သည်။ ပြိုင်ပွဲဝင် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးများကို စာမူစိစစ်ရေးအဖွဲ့များက အဆင့်ဆင့်စိစစ်ရွေးချယ်ပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု အသီးသီး ရရှိကြသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

စာစီစာကုံးပြိုင်ပွဲ

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဗိုလ်လောင်းရဲဘုန်းကျော် တတိယနှစ် ကွန်ပျူတာစစ်တက္ကသိုလ် ပြင်ဦးလွင်က ပထမ၊ မဝင်းသူ စတုတ္ထနှစ် စစ်ကိုင်းပညာရေးတက္ကသိုလ်က ဒုတိယ၊ ဗိုလ်လောင်းချမ်းငြိမ်းသူ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ်(အပိုင်း –၁) တပ်မတော်ဆေးတက္ကသိုလ် ရန်ကုန်ကတတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ဇော်ထက်လင်း ပထမနှစ် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မမို့မို့လွင် ဒုတိယနှစ် သိပ္ပံတွဲ မော်လမြိုင် ပညာရေးကောလိပ်၊ မစုလဲ့ရည်အောင် တတိယနှစ် အင်္ဂလိပ်စာ ပုသိမ်တက္ကသိုလ်၊ မောင်နိုင်ရဲထူး တတိယနှစ် ဘီဒီအက်စ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်၊ မနှင်းဥရည် ဒုတိယနှစ် ဘီအီးဒီ ရန်ကုန်ပညာရေးတက္ကသိုလ်တို့က အသီးသီးရရှိကြသည်။

ကဗျာပြိုင်ပွဲ

တက္ကသိုလ် ကောလိပ် သိပ္ပံအဆင့် ကဗျာပြိုင်ပွဲတွင် ဗိုလ်လောင်းချမ်းငြိမ်းသူ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် (အပိုင်း–၁) တပ်မတော်ဆေးတက္ကသိုလ် ရန်ကုန်က ပထမ၊ မောင်သီဟထွန်း နောက်ဆုံးနှစ် အမ်ဘီဘီအက်စ်(အပိုင်း–၁) ဆေးတက္ကသိုလ်–၂ ရန်ကုန်က ဒုတိယ၊ မောင်စောမောင် ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် စစ်ကိုင်းက တတိယ အသီးသီး ရရှိကြသည်။ အထူးဆုများအဖြစ် ဗိုလ်လောင်းထွန်းပြည့်အောင် ဒုတိယနှစ် အီလက်ထရွန်နစ် စစ်တက္ကသိုလ် ပြင်ဦးလွင်၊ မဆုဝတီနွယ် ဒုတိယနှစ် ကွန်ပျူတာသိပ္ပံ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်၊ မောင်မင်းကျော်စွာ ပထမနှစ် သိပ္ပံတွဲ ပုသိမ်ပညာရေး ကောလိပ်၊ မမေအိမ်စည်ဦး ဒုတိယနှစ် ပန်းချီ ယဉ်ကျေးမှုတက္ကသိုလ် ရန်ကုန်၊ ဗိုလ်လောင်းနိုင်ထွန်းအောင် နောက်ဆုံးနှစ် စက်မှုအင်ဂျင်နီယာ တပ်မတော်နည်းပညာတက္ကသိုလ် ပြင်ဦးလွင်တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မရွှေစင် နဝမတန်း အထက(၁)တောင်ဥက္ကလာပက ပထမ၊ မမေကြည်မြင့်သိန်း နဝမတန်း အထက(၁) ပဲခူးက ဒုတိယ၊ မဖြိုးသဉ္ဇာခင် အဋ္ဌမတန်း အလက (၁) ပုသိမ်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မလဝန်းသော်တာ နဝမတန်း အထက (၂) သထုံ၊ မဥမ္မာစိန် အဋ္ဌမတန်း အထက(၈) အောင်မြေသာစံ မန္တလေး၊ မသက်ထားဆွေနွယ် အဋ္ဌမတန်း အထက(၁)ပြည်၊ မောင်ထက်ပိုင်ကျော် အဋ္ဌမတန်း အထက(၂) ကလော၊ မနန်းဝေဝေဖြိုး အဋ္ဌမတန်း အလက(၃) မြစ်ကြီးနားတို့က အသီးသီးရရှိကြသည်။

အခြေခံပညာ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် မောင်ကောင်းဝေဦး နဝမတန်း အထက(၁) ပဲခူးက ပထမ၊ မသိမ့်ဒါလီ အဋ္ဌမတန်း အထက(၃) ဒဂုံက ဒုတိယ၊ မောင်အောင်သက်မိုး အဋ္ဌမတန်း အထက (၆)ပုသိမ်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မရွှေယဉ်မင်းဦး နဝမတန်း အထက(၃) မြစ်ကြီးနား၊ မနန်းအိန္ဒြေကြွယ် အဋ္ဌမတန်း အလက(၂) တောင်ကြီး၊ မဝင့်ဝါဖြိုး နဝမတန်း အထက သုံးဆယ်၊ မောင်ဝေယံကျော် နဝမတန်း အထက(၇) မော်လမြိုင်၊ မချောဝင့်ဝင့်မွန် နဝမတန်း အထက(၁) မြိတ်တို့က အသီးသီးရရှိကြသည်။

အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မောင်ရှမွေလဒေါင်ခေါင် သတ္တမတန်း အလက(၃) မြစ်ကြီးနားက ပထမ၊ မမေမြတ်မှူးအောင် ဆဋ္ဌမတန်း အထက(၁) ပဲခူးက ဒုတိယ၊ မကေခိုင် သတ္တမတန်း အထက(၃) ဒဂုံ(မြောက်) က တတိယအသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ကျော်ကျော်သက် ဆဋ္ဌမတန်း အမက(၁၁) မူလွန် မဟာအောင်မြေ မန္တလေး၊ မောင်သုဝဏ်လှိုင် သတ္တမတန်း အထက (၁) ပြည်၊ မောင်ကျော်ခိုင်ထက် သတ္တမတန်း အထက(၁) ပုသိမ်၊ မအိသံသာစိုး ဆဋ္ဌမတန်း အထက(၁) စစ်ကိုင်း၊ နန်းထက်ထက်အောင် ဆဋ္ဌမတန်း အမက(၃) မူလွန် လှိုင်းဘွဲ့တို့က အသီးသီး ရရှိကြသည်။

အခြေခံပညာ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် မဇင်သွယ်သွယ်အေး သတ္တမတန်း အထက(၃) ပဲခူးက ပထမ၊ မဖူးပြည့်သူ ဆဋ္ဌမတန်း အလက(၆) ပုသိမ်က ဒုတိယ၊ မောင်နဒီစစ်မှူး ဆဋ္ဌမတန်း အလက (၂) ပြည်က တတိယ အသီးသီးရရှိကြသည်။အထူးဆုများအဖြစ် မောင်ပြည်စိုးပိုင် ပဉ္စမတန်း အလက (မြို့မ) ကျောက်တန်း၊ မနှင်းအေးမိုးလွင် သတ္တမတန်း အထက(၇) မော်လမြိုင်၊ မခန့်ယမုံမြင့် ဆဋ္ဌမတန်း အလက(၂) တောင်ကြီး၊ မခင်သဉ္ဇာတင် ပဉ္စမတန်း အထက(၁၁) အောင်မြေသာစံ မန္တလေး၊ မောင်ယံပိုင်ဦး ပဉ္စမတန်း အမက မူလွန် မင်္ဂလာလှိုင်ကော်တို့က အသီးသီးရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲ

ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဦးစိုးမြင့် အလယ်တန်းပြ အထက(၂) သာစည်က ပထမ၊ ဒေါ်နန်းတင်ရီ အလယ်တန်းပြ အထက(၇) မော်လမြိုင်က ဒုတိယ၊ ဒေါ်တင်တင်ခိုင် အလယ်တန်းပြ အလက(၁၁) မိတ္ထီလာက တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် ဒေါ်ထားရှင် အထက်တန်းပြ အထက(၂) မြိတ်၊ ဒေါ်သန္တာချစ် နည်းပြ ပါဠိ–သက္ကတဌာန တိုင်းရင်းဆေးတက္ကသိုလ် မန္တလေး၊ ဦးအေးသန်း အလယ်တန်းပြ အထက(၂) လက်ပံတန်း၊ ဒေါ်ခင်မာကြည် နည်းပြ မြန်မာစာသင်ပြနည်းဌာန မြောင်းမြ ပညာရေးကောလိပ်၊ ဦးဝင်းသိန်း မူလတန်းပြအမက အေးမြင့်သာယာ ပျဉ်းမနားတို့က အသီးသီး ရရှိကြသည်။

ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား မတ် ၂၆ ရက်တွင် ဆုများချီးမြှင့်မည်ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ဆုရရှိသူများသည် အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာ အလယ်တန်းအဆင့် ဆုရရှိသူများသည် ကျောင်းအုပ်ကြီး အထက(၁)စမ်းချောင်း ရန်ကုန်မြို့သို့လည်းကောင်း မတ် ၂၃ ရက်တွင် လူကိုယ်တိုင်လာရောက် သတင်းပို့ကြရမည်ဖြစ်သည်။

အထူးဆုရရှိသူများကို မိမိတို့ နေထိုင်ရာဒေသနှင့် နီးစပ်ရာ တိုင်း/တပ်မစစ်ဌာနချုပ်များ၌ ကျင်းပမည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများတွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိုအေစစ်ပမာ စိမ်းလန်းသာယာနေသည့် အညာမြေ

မောင်မိုးယံ

ပခုက္ကူမြို့သို့ ဝင်သည်နှင့် "တမာလမ်းက ပြန်ခဲ့ပါ" ဆိုသောသီချင်းကို သတိရမိသည်။ မြို့အစအဆုံး စိမ်းညို့သော တမာပင်တန်းများက တစ်ပင်နှင့်တစ်ပင် သွယ်ယှက်ကာ အညာကို တမာဖြင့် လွှမ်းခြုံထားလေသည်။

"အညာတမာလွှမ်းရမည်"ဆိုသော ဆိုင်းဘုတ်များ လမ်းတစ်လျှောက် မြင်တွေ့ရပြန်သဖြင့် စီမံချက်ချ၍ အရိပ်ရပင် စိုက်ပျိုးရေးနှင့် တမာဆပ်ပြာထုတ်လုပ်ရေးလုပ်ငန်းကိုလည်း ဆောင်ရွက်နေကြောင်း သိသာသည်။ ပခုက္ကူမြို့အဝင်တွင် ကုက္ကိုလှ မြစ်ရေတင်စီမံကိန်းကို တွေ့ခဲ့ရသည်။

ပခုက္ကူ၏ ထူးခြားချက်က ရာသီဥတုပူပြင်းခြင်းဖြစ်သည်။ သို့သော် ယခုခရီးတစ်ခေါက်တွင် ပူသည်ဟု မထင်၊ ဖုန်မှုန့်မတင်ဘဲ စိမ်းလန်းသော တမာရိပ်တမာလမ်းက ဖြတ်သန်းခဲ့ကြ၍ဖြစ်သည်။

ပခုက္ကူမှ မုံရွာကားလမ်းတစ်လျှောက် ထနောင်းပင်များနှင့် တမာပင်များ အစီအရီ တွေ့ခဲ့ရသည်။ ရွှေဘို သနပ်ခါးနှင့်အပြိုင် ရှင်မတောင် သနပ်ခါးထွက်ရာ ရှင်မတောင်ထိပ်၌ စံပယ်လျက်ရှိသော သရက္ခန် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်ကို အဝေးမှ ဖူးမြော်ခဲ့သည်။ ပခုက္ကူမှ မန္တလေးသို့သွားရာ ကားလမ်းသည် လွန်ခဲ့သော ငါးနှစ်ကမှ အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ရေလမ်းသာရှိခဲ့သော ပခုက္ကူ၊ မန္တလေးခရီးသည် ယခုအခါ ချင်းတွင်းမြစ်ကူးဆင်ဖြူရှင်တံတားကြီးကို ဖြတ်၍ နေ့ချင်းပြန် ကူးလူးသွားလာကြလေပြီ။

ပခုက္ကူမှ မုံရွာမြို့အရောက် ကားလမ်းခရီးသည် သုံးနာရီသာကြာသည်။ မုံရွာဟိုတယ်တွင် ညအိပ်ရပ်နားပြီးနောက် တစ်နေ့နံနက် ၇နာရီတွင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ခရိုင်တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်းနှင့် အဖွဲ့၏အစီအစဉ်ဖြင့် အရာတော်မြို့သို့ သွားရောက်ကြသည်။ အရာတော်မှ ရွှေဘိုမြို့သွားရာ ၁၀ မိုင်ခန့်အကွာ ကားလမ်းညာဘက် တွင်ရှိသော မြေနတ်ရွာမှ ရေလျှံတွင်းကို ဝင်ရောက် ကြည့်ရှုကြသည်။ **ခြောက်သွေ့ ပူပြင်းလှသော ဒေသတွင် မြေပြင်အထက်သို့ ၁၅ပေခန့် ရေလုံးကြီးများ တဖွားဖွား တက်နေပုံမှာ အားရဖွယ်ရာဖြစ်**နေတော့သည်။ အလိုအလျောက် လျှံတက်နေသော ရေတွင်းကို လေးလက်မပိုက်ဖြင့် ဆက်၍ ပေ ၂၀၀ ပတ်လည် အကျယ်ရှိသော ကန်ထဲသို့ ရေသွင်းကာ ထိုမှတစ်ဆင့် ရေမြောင်းများမှ လယ်ယာများသို့ ရေပေးသွင်းလျက်ရှိပုံကို မြင်တွေ့ခဲ့ရလေသည်။

ထိုကဲ့သို့ ရေလျှံတွင်းမျိုး အရာတော်ဒေသမှာ သုံးတွင်းရှိနေပြီဟု သိရသည်။ ၂၀၀၅ခုနှစ်စတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အစီအစဉ်ဖြင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တာဝန်ယူခဲ့သော တွင်းနှစ်တွင်းမှာ အားရကျေနပ်ဖွယ်ရာ ရေထွက်ရှိသဖြင့် ဒေသခံပြည်သူတို့ ထူးထူးကဲကဲ ပျော်ရွှင်နေ ကြသည်ဟုသိရသည်။ မူးမြစ်ကို မြင်သာမြင်ရ မကြင်ရပါဟု အရာတော်သားတစ်ဦးက

ထွက်ရှိမှုက ဆန်းကြယ်နေသည်။ **မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း ဒေသအချို့မှာ ရေလျှံတွင်းများရှိနေသည်ဟု ကွင်းဆင်းတိုင်းတာမှုအရ သိရှိရသော်လည်း စိုက်ပျိုးရေနှင့်သောက်သုံးရေ အလုံ အလောက်ရရှိနိုင်သော ရေလျှံတွင်းများမှာ စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်နှင့် အရာတော် ဒေသမှာသာ ရှိသည်ဟု သိရ**သည်။

၁၉၉၄ခုနှစ်တွင် ယင်းမာပင်ဒေသသို့ နိုင်ငံတော်အကြီးအကဲ သွားရောက်စဉ်တွင် မြေမှ ရေများအလိုအလျောက်လျှံနေသော မြင်ကွင်းကို တွေ့ရသဖြင့် တွင်းများတူးကာ ကန်များဖြင့်စုဆောင်း၍ စိုက်ပျိုးရေနှင့် သောက်သုံးရေပေးနိုင်ပါက အကျိုးရှိမည်ဟု လမ်းညွှန်ခဲ့သဖြင့် မုံရွာခရိုင်တွင် ရေလျှံတွင်း ၃၆၀မှ ၉၉ ကန် ရေပေးဝေရေးစီမံကိန်းများ ပေါ်ပေါက်ခဲ့သည်ဟု သိရသည်။ ယင်းမာပင်ဒေသတွင် အလိုအလျောက် ရေလျှံတွင်း ၉၆ကန်နှင့် ဆားလင်းကြီးဒေသတွင် သုံးကန်ရှိသည်။ အဆိုပါရေလျှံတွင်းများမှ လယ်မြေ ၈၁၈၁ဧကသို့ ရေပေးသွင်းလျက်ရှိသည်။

ကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်နေသော အရာတော်မြို့နယ် ရဲချင်းကျေးရွာအုပ်စုသို့ ဝင်ရောက်လေ့လာခဲ့ရာ ကျေးရွာဥက္ကဋ္ဌဦးမောင်ကိုက "ကျွန်တော်တို့ ဒေသဝမ်းစာအတွက်သာမက သီးနှံထွက်ကုန်တိုးတက်ဖို့ ဒီရေထွက်ရင် အမြန်ဆုံးလုပ်နိုင်မှာပါ" ဟု တွင်းတူးစက်များဖြင့် တူးနေသည့် နေရာကိုပြရင်းရှင်းပြခဲ့ပါသည်။

ယခုကဲ့သို့ သဘာဝအရင်းအမြစ်များကပေးသော မြေအောက်ရေကို နိုင်ငံတော်က အကျိုးရှိစွာ အသုံးချနိုင်အောင် စီမံပေးမှုမှာ လွန်စွာမှပင် တန်ဖိုးရှိလှပေသည်။

နောက်တစ်နေ့ ခရီးစဉ်မှာ မုံရွာမှ ချင်းတွင်းမြစ်တစ်ဖက်ကမ်း ယင်းမာပင်ဒေသဖြစ်သည်။ ယင်းမာပင်သို့ ယခင်က မုံရွာမှ ဇက်ဖြင့် ကူးကြရသော်လည်း ယခုအခါ အလုံ ချင်းတွင်း မြစ်ကူးတံတားကြီးက ချင်းတောင်၊ ကလေးဝဒေသနှင့် အညာဒေသကို ဂဟေဆက်လိုက်လေပြီ။ တံတားကြီးကို ဖြတ်၍ ယင်းမာပင်သို့ သွားရာလမ်းသည် ကြေးနီတောင်ကြော

အရာတော် မြေနတ်ရွာမှ အလိုအလျောက် လျှံထွက်နေသော ရေလျှံတွင်းကို ဤသို့ တွေ့ရသည်။

ခြောက်သွေ့ ပူပြင်းလှသော ဒေသတွင် မြေပြင်အထက်သို့ ၁၅ပေခန့် ရေလုံးကြီးများ တဖွားဖွားတက်နေပုံမှာ အားရဖွယ်ရာဖြစ်။

မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း ဒေသအချို့မှာ ရေလျှံတွင်းများရှိနေသည်ဟု ကွင်းဆင်းတိုင်းတာမှုအရ သိရှိရသော်လည်း စိုက်ပျိုးရေနှင့်သောက်သုံးရေ အလုံအလောက်ရရှိနိုင်သော ရေလျှံတွင်းများမှာ စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်နှင့် အရာတော်ဒေသမှာသာ ရှိသည်ဟု သိရ။

ချောင်းဦးမြို့အလွန် မုံရွာမြို့နယ်အစတွင် တစ်ခွင်တစ်ပြင်လုံး စိမ်းစိုနေသော လယ်ကွင်းများကို မြင်ရသဖြင့် အံ့သြရပြန်သည်။ "အဲဒါက စက်ရေတွင်းတွေက ပေးတဲ့ရေနဲ့ စိုက်တာလေ"ဟု ယာဉ်မောင်းက ဆိုပါသည်။ စက်ရေတွင်းဆိုသည်မှာ စစ်ကိုင်းတိုင်း မုံရွာခရိုင်အတွင်းမှာ မြေအောက်မှ ရေကို စက်ဖြင့်

ရေပေးမြောင်းနှင့် စပါးခင်း

မုံရွာမြို့နယ် စက်ရေတွင်းမှ ရေပေးမြောင်းနှင့် စပါးခင်းကို ဤသို့တွေ့ရသည်။

ဆိုခဲ့ရာ ယခုအခါ မကြီးစောက် မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော်၍ လယ်မြေသို့ရေတင်နိုင်ရန် စတင်ဆောင်ရွက်လျက် ရှိသလို ရေလျှံတွင်းမှ ရေဖြင့် စိုက်ပျိုးရေနှင့် သောက်သုံးရေကို မပူမပင်ရရှိနေကြလေပြီ။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ရေလျှံတွင်း ဖြစ်သည်။ မြေရှိလျှင် ရေရှိသည်ဟု ထင်တတ်ကြသော လူတို့၏ အမြင်မှန်သော်လည်း ရေအလုံအလောက် ရှိဖို့နှင့် ရေကောင်းရေသန့် ထွက်ရှိဖို့ဆိုတာ နေရာဒေသတိုင်းမှာ မဖြစ်နိုင်ပါဟု ဘူမိဗေဒပညာရှင်တို့က ဆိုပါသည်။ ထိုသဘောတရားအနက် ရေလျှံတွင်း



မြေအောက်ရေကို အကျိုးရှိစွာ အသုံးချနေသော လုပ်ငန်းမှာ မုံရွာခရိုင်တွင် ၉၉ ကန် ရေလျှံတွင်းနှင့် လျှပ်စစ်စက်ဝိုင်း စက်ရေတွင်းမှ ရေပေးရေးလုပ်ငန်း နှစ်ရပ်ရှိသည်ဟုဆိုပါသည်။ မုံရွာမြို့သို့ ဝင်ရောက်သော နေ့က တွေ့ခဲ့ရသော စက်ရေတွင်းမှရေပေးရေးစီမံကိန်းများကို UNDP အကူအညီဖြင့် ၁၉၇၈ခုနှစ်တွင် စတင်စမ်းသပ်တူးဖော်ခဲ့ရာ ၁၉၈၃ခုနှစ်တွင် အကောင်အထည်ပေါ်ခဲ့ပြီး မုံရွာခရိုင်အတွင်း စက်ဝိုင်း လေးခု၊ ရေတွင်းပေါင်း ၁၄၁တွင်းမှ လယ်မြေဧက ၁၅၀၀၀ ကျော်ကို ရေပေးဝေလျက်ရှိသည်။

စက်ဝိုင်းဆိုသည်မှာ လျှပ်စစ်ဓာတ်အားခွဲရုံတစ်ခုစီမှ ထုတ်လွှတ်သော လျှပ်စစ်ဓာတ်အားဖြင့် ရေစုပ်ယူအသုံးပြုမှုအပေါ် တွင်းအမှတ်များ သတ်မှတ်ကာ စက်ဝိုင်း အမှတ်(၁)၌ ၃၁တွင်း၊ အမှတ်(၂)၌ ၃၇တွင်း၊ စက်ဝိုင်း(၃)၌ ၃၈တွင်း၊ စက်ဝိုင်း(၄)၌ ၁၄တွင်း စသည်ဖြင့် တွင်း၁၄၁တွင်းကို နေရာဒေသ လေးခု ခွဲထားခြင်း ဖြစ်သည်ဟု သိရသည်။ အဆိုပါတွင်းများမှာ မုံရွာ၊ ဘုတလင်၊ ချောင်းဦးမြို့နယ်များအတွင်း ရှိလေရာ ဒေသခံပြည်သူတို့ မိုးမျှော်ရဘဲ လွန်ခဲ့သော နှစ်ပေါင်း ၂၀ကျော်ကပင် စိုက်ပျိုးရေနှင့် သောက်သုံးရေကို အကျိုးရှိစွာ အသုံးပြုခဲ့ကြလေသည်။

အညာမှာ စက်ရေတွင်းနှင့် ရေလျှံတွင်း အသုံးပြုပုံ ကွာခြားသည်။ စက်ရေတွင်းက လျှပ်စစ်ဓာတ်အား အသုံးပြုရန်လိုပြီး ရေလျှံတွင်းက မည်သည့်အကူအညီမျှ မလိုဘဲ ရေရနေခြင်းဖြစ်သည်။ မုံရွာခရိုင်အတွင်း အရာတော်မြို့နယ်သည် ယခင်က စိုက်ပျိုးရေး ခက်ခဲသောဒေသဖြစ်သည်။ ယခုအခါ ရေလျှံတွင်းမှရေများ အောင်မြင်စွာ ထွက်ရှိနေသည်ကို တွေ့ရသည်။ သီးနှံစိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် ကျေးရွာအလိုက် တွင်းတူးစက်နှင့် နည်းပညာအကူအညီသာ ရေအရင်းအမြစ် အသုံးချရေးမှ တောင်းခံကာ ရေလျှံတွင်းများကို မိမိအစီအစဉ်ဖြင့် တူးနေကြပြီဖြစ်သည်။

ကို မျက်နှာမူ၍ တစ်နာရီကြာ ခရီးသွားရပြန်သည်။ ကြေးစင်တောင်တစ်ဝိုက် တစ်ချိန်က ခြောက်သွေ့ခဲ့သော်လည်း ယခုအခါ ညောင်ပင်ကြီး မြစ်ရေတင်စီမံကိန်းမှ ရေပေးမြောင်းများက လယ်စိုက်တောင်သူများကို ရေပေးနိုင်ပြီဖြစ်သည်။ လွန်ခဲ့သော နှစ်နှစ်ကပင် ဒီဇယ်ဖြင့် မောင်းနှင်သော ရေတင်စီမံကိန်းမှ ရေပေးခဲ့ရာ မကြာမီတွင် လျှပ်စစ်မြစ်ရေတင်အဖြစ် ပြောင်းလဲရေပေးနိုင်မည်ဟု သိရသည်။

မုံရွာမှ ယင်းမာပင်သို့ တစ်နာရီခန့်ကားစီးရသည်။ ယင်းမာပင်မြို့မှ ရေလျှံတွင်းများရှိရာသို့ ရောက်ရှိသွားရာ ၎င်းနေရာဝန်းကျင်တွင် လယ်ကွင်းပြင်များ ဖြင့် စိမ်းစိုနေပါသည်။ ၁၉၉၄ ခုနှစ်က စတင်အကောင်အထည် ဖော်ခဲ့သော ရေပေးရေးစီမံကိန်းမှာ ၁၀နှစ်ကျော်အကြာတွင် ယင်းမာပင်ဒေသ၏ ပူပြင်းခြောက်သွေ့မှုကို သစ်ပင်တောတန်းများနှင့် စပါးခင်းများက ဖုံးလွှမ်းကာ အညာမှဟုတ်ပါလေစဟု ထင်မှတ်မှားမိပြန်ပါသည်။

ကျွန်တော်တို့အဖွဲ့ ယင်းမာပင် ရေလျှံတွင်းမှ ရေပေးနေသော လုပ်ငန်းများကိုကြည့်ရှုပြီး မုံရွာသို့ ပြန်ခဲ့ကြသည်။ မုံရွာမြို့တွင်း တစ်ပတ် ပတ်ကြရာ အချိန်တိုအတွင်း တိုးတက်များပြားလာသော တိုက်တာအဆောက်အအုံများ၊ ယာဉ်သွားယာဉ်လာများက ဒေသတစ်ခု၏ တိုးတက်ဖွံ့ဖြိုးမှုပြယုဂ်အဖြစ် မြင်တွေ့ရသည်။ မုံရွာဒေသ၏ ယခင် ၁၀ နှစ်ကျော်က အခြေအနေသည် ယခုအခါတွင် ရာသီဥတုနှင့် လူနေမှုပုံသဏ္ဍာန်များ ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ ခြောက်သွေ့မှုများကို ဖြတ်ကျော်၍ **အိုအေစစ်ပမာ စိမ်းလန်းသာယာနေသည့် အညာမြေ**ကိုနှုတ်ဆက်ကာ မုံရွာမှ မန္တလေးသို့ ခရီးဆက်ခဲ့ပါတော့သည်။ ။

ဆောက်လုပ်ရေးဝန်ကြီး ဘွက်ကြီးတံတားစီမံကိန်းစစ်ဆေး ရေလယ်တိုင်လုပ်ငန်းများ နှစ်ဖက်မှ၍ ဘိုးပိုင်တူးရန်မှာကြား

ရန်ကုန် မတ် ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၄ ရက် မွန်းလွဲပိုင်းက သံတွဲမြို့မှ တောင်ကုတ်မြို့သို့ ရောက်ရှိသည်။ ထိုမှ ပြည်–ပန်းတောင်း–တောင်ကုတ် ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ အဆိုပါ လမ်းမိုင်တိုင် ၉၅ မိုင် ၃ ဖာလုံ၌ လမ်းဆောက်လုပ်ရေး အထူးအဖွဲ့(၈)က စက်ယန္တရားကြီးများဖြင့် တောင်မြေဖြို၍ လမ်းတာပေါင်ချဲ့ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီးက စက်ယန္တရားများကို အမြန်ဆုံးပြုပြင်၍ နှောင့်နှေးမှုမရှိစေဘဲ လုပ်ငန်းခွင်များသို့ အချိန်မီ ရောက်ရှိအောင် ပေးပို့ဆောင်ရွက်ရန်၊ စီမံချက်များချ၍ စက်ယန္တရားများ၏ ကြံ့ခိုင်မှုနှင့်အတူ သန့်ရှင်းသပ်ရပ်မှုတို့ကိုပါ လုပ်ကိုင်ကြရန် မှာကြားပြီး ညနေပိုင်းတွင် ပြည်မြို့သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးနှင့်အဖွဲ့သည် မတ်၅ ရက် နံနက်ပိုင်းတွင် ပြည်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်–ပြည်–မန္တလေးလမ်း မိုင်တိုင်(၂၁၁/၆)၌ရှိ ဘွက်ကြီးတံတားစီမံကိန်းလုပ်ငန်းသို့ ရောက်ရှိသည်။ စီမံကိန်းရှင်းလင်းဆောင်၌ ဘွက်ကြီးတံတားတည်ဆောက်ရေး စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဦးကျော်သူက လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပံ့ပိုး

ဝန်ကြီးက မိုးရာသီတွင် ဆောင်ရွက်ရန် ခက်ခဲမည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ရန်၊ ရေလယ်တိုင်လုပ်ငန်းများကို ဦးစားပေးပြီး နှစ်ဖက်မှ၍ ဘိုးပိုင်တူးရန်တို့ကိုမှာကြားကာ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုများစစ်ဆေး

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှရွှေဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများနှင့် လမ်းများအဆင့်မြှင့်ခင်းကျင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်မြို့တော်ဝန်တို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းသို့ ရောက်ရှိလာပြီး ဦးချစ်မောင်လမ်းတစ်လျှောက် စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးနှင့်မြို့တော်ဝန်တို့သည် တာမွေမြို့နယ် နတ်မောက်လမ်းတစ်လျှောက် လမ်းဘေး လူသွားစင်္ကြံကို အဆင့်မြှင့်ခင်းကျင်းနေမှုနှင့် စင်္ကြံအောက် ရေနုတ်မြောင်း ရှင်းလင်းပြီးစီးမှုကိုလည်းကောင်း၊ လသာမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကမ်းနားလမ်းကြားရှိ အကျယ် ၂၃ ပေ၊ အရှည်ပေ ၈၂၀ ရှိသည့် ၁၇ လမ်းအား ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုကိုလည်းကောင်း၊ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့်လမ်းသစ်လမ်း လမ်းဆုံအနီး အနော်ရထာလမ်းအား စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းအား စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် နန်းတိုင်း(ဈေးကုန်း) စံပြကျေးရွာ နယ်မြေအေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်နေပြီ

ရန်ကုန် မတ် ၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် နန်းတိုင်း(ဈေးကုန်း) စံပြကျေးရွာအုပ်စု ဒွန်း–ပေါက်ကဲ ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီခွဲက အခမ်းအနားမှခ်ဦးရှေ့၌ကျင်းပရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ စုစုပေါင်းအင်အား၃၀၀၀ကျော် တက်ရောက်ကြပြီး အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် နန်းတိုင်း (ဈေးကုန်း) စံပြကျေးရွာရှိ ဂျုံစိုက်ခင်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ကျေးဇူးတင်စကား

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးရွာလူထုကိုယ်စား ပေါက်ကဲကျေးရွာမှ ဦးဆစ်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဒွန်း–ပေါက်ကဲ ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းဒွန်း–ပေါက်ကဲလမ်းသည် နန်းတိုင်း ကျေးရွာအုပ်စုမှ ဒွန်းကျေးရွာ၊ လမိုင်းကျေးရွာအုပ်စုမှ ပေါက်ကဲကျေးရွာသို့ ဆက်သွယ်ပေးသည့် ကျောက်ချောလမ်း ဖြစ်ပြီး လမ်းအရှည်ပေ ၁၂၀၀၀၊ အကျယ် ၁၀ပေရှိ၍ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ် ၃၉၉၀၀၀၀နှင့် ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၆၇၂၄၀၀၀ဖြင့် စုစုပေါင်း ငွေကျပ် ၁၀၇၁၄၀၀၀ အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ဆက်လက်ပြီး နန်းတိုင်းစံပြကျေးရွာ၌ ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်စိုက်ပျိုးရေး ဒုတိယမန်နေဂျာ ဦးမြကောင်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနည်းနှင့် အသုံးဝင်ပုံ၊ ကျေးလက်နေ တိုင်းရင်းသားပြည်သူတို့အတွက် ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်ထုတ်လုပ်ပြီး ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းတစ်ရပ်အဖြစ် စိုက်ပျိုးကြရန် ရှင်းလင်းပြောကြားပြီး ခြံစည်းရိုးကြက်ဆူပင်ပျိုးပင်ပေါင်း ၁၁၀၀၀၀ ကို ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူ လူထုများစုပေါင်း၍ တပျော်တပါး ပျိုးထောင် စိုက်ပျိုးကြသည်။ ထို့နောက် ခြံစည်းရိုးကြက်ဆူဆီ အသုံးပြုမှု သရုပ်ပြပွဲ ဆက်လက်ကျင်းပရာ လယ်ယာ–၁၆ လက်တွန်း ထွန်စက်၊ မီးစက်၊ ရေစုပ်စက်၊ ထော်လာဂျီ၊ မီးဖိုနှင့် ဆီမီးအိမ်များကို ခြံစည်းရိုးကြက်ဆူဆီအသုံးပြု၍ မောင်းနှင်အသုံးပြုပုံ လက်တွေ့သရုပ်ပြသသည်။ ကလောမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင်၁၀၂၅ဧကေ စိုက်ပျိုးထားရှိပြီး မူလစိုက်ပြီးဧကေ ၁၅၇ ဧကရှိရာ ယခုအထိ ပျိုးပင်ပေါင်း ၆၈၅၂၀၀ ပျိုးထောင်ထားပြီးဖြစ်သည်။

ထို့နောက် နန်းတိုင်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ စာအုပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပရာ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ဆွေဆွေမြင့်က မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ အုပ် ၁၀၀ကိုလည်းကောင်း၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းယုက စာအုပ်မျိုးစုံ၁၀၀ကိုလည်းကောင်း၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးမြတ်စိုးက ရေဒီယိုကက်ဆက်တစ်လုံးကိုလည်းကောင်း၊ နန်းတိုင်းစံပြကျေးရွာရပ်မိရပ်ဖ ဦးခွန်ထီးက ငွေကျပ်သုံးသောင်းကို လည်းကောင်း ကျေးရွာဥက္ကဋ္ဌ ဦးထွန်းရင်ထံ ပေးအပ်လှူဒါန်းကြသည်။ နန်းတိုင်းစံပြကျေးရွာ စာကြည့်တိုက်သည် ၂၀၀၅ ခုနှစ် မေ၁၆ ရက်တွင် စတင် ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ကလောမြို့နယ်အတွင်းကျေးရွာတိုင်း စာကြည့်တိုက်ပေါင်း ၁၃၈ တိုက် ဖွင့်လှစ်ပြီးကြောင်း သိရသည်။

နန်းတိုင်းစံပြ ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ အခြေခံပညာမူလတန်း အဆင့်နှင့် အလယ်တန်းအဆင့် သင်ယူမှုပြီးမြောက်ကြောင်းလက်မှတ် ပေးအပ်ခြင်း အခမ်းအနားကို ဆက် လက်ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဆောင်က အမှာစကားပြောကြားပြီး လက်မှတ်များကို ကျောင်းသား၊ ကျောင်းသူ ၁၉၈ဦးအား ပေးအပ်သည်။

ကျန်းမာရေးပညာပေးဟောပြော

ယင်းအခမ်းအနားများ ကျင်းပနေစဉ် နန်းတိုင်းစံပြကျေးရွာ ကျန်းမာရေးဌာန၌ ကျန်းမာရေးပညာ ဟောပြောပွဲကျင်းပရာ မျိုးဆက်ပွား ကျန်းမာရေးအကြောင်းကို ကျန်းမာရေးမှူး ဦးခင်မောင်ကျော်က ပညာပေး ဆွေးနွေးပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများအား ကာကွယ်ဆေး ထိုးခြင်း၊ သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း စသည်တို့ကို ဆောင်ရွက်ကြသည်။ ထို့အတူ တောင်ကြီးမြို့ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင်ဦးစီးသော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် လူနာများအားကျန်းမာရေး စစ်ဆေးကုသမှုပြုလုပ်ပေးခဲ့ရာ မျက်စိ၊ သွား၊ မီးယပ်နှင့် သားဖွား၊ အထွေထွေရောဂါလူနာပေါင်း၁၂၅ဦးကို ကုသပေးခဲ့ပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များက လိုက်လံကြည့်ရှုအားပေးကြသည်။

စကားဝိုင်းဆွေးနွေးပွဲ

ဆက်လက်ပြီး နန်းတိုင်း စံပြကျေးရွာ နန်းတိုင်း(ဈေးကုန်း) ဘုန်းတော်ကြီးကျောင်း၌ အမျိုးသမီးရေးရာအဖွဲ့ စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ရာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က အမျိုးသမီးရေးရာ အဖွဲ့အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းယုက အသင်းဖွဲ့စည်းပုံနှင့် တာဝန်များကို လည်းကောင်း ဆွေးနွေးကြပြီး အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဒူးတိုက် ဆွေးနွေးကြသည်။

နန်းတိုင်း စံပြကျေးရွာသည် စည်ပင်သာယာဖွံ့ဖြိုးတိုးတက်လျက်ရှိသကဲ့သို့ ကလောမြို့နယ်တွင် ကျေးရွာတိုင် းစံပြကျေးရွာ ထူထောင်ရေးအတွက် အစီအစဉ်အရ ဆောင်ရွက်လျက်ရှိသည်။ ကလောမြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ထင်ရှား မြို့တော်အဖြစ်သတ်မှတ်ခဲ့ပြီး ဟိုတယ်၊ မိုတယ်၁၃ခု၌ နိုင်ငံခြားခရီးသွား ဧည့်သည်များ စိတ်ဝင်စားစွာ လာရောက် အပန်းဖြေအနားယူလျက်ရှိရာ တစ်နှစ်လျှင် နိုင်ငံခြား ဧည့်သည် ၅၀၀၀ခန့် လာရောက် ကြောင်းသိရှိရသည်။ ကလောမြို့နယ်၌ ပအိုဝ်း၊ ဓနု၊ ရှမ်း၊ ပလောင် စသည့် တိုင်းရင်းသားများ နေထိုင်ကြပြီး ကလောဈေး၊ အောင်ပန်းဈေး၊ ပြည်သာယာဈေး၊ ဟဲဟိုးဈေး၊ ဘော်ဆိုင်းဈေး၊ ကျောက်ထပ်ဈေး၊ နန်းတိုင်းဈေး စသည်ဖြင့် ငါးရက်တစ်ဈေး ဈေးနေ့များတွင် ဒေသအလိုက် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသထွက်ကုန်များ ရောင်းချကြကြောင်း တွေ့ရှိရသည်။ နန်းတိုင်းဈေးသည်လည်း အာလူး၊ ဂျုံ၊ ပန်းနှမ်း၊ ပဲပုတ်၊ မြေပဲ၊ ချင်း၊ ငရုတ်၊ ကြက်သွန်ဖြူစသည့် သီးနှံများ လာရောက်ရောင်းချလျက် ရှိကြသည်။

နန်းတိုင်းစံပြကျေးရွာ၌ စိုက်ပျိုးသည့် Hybrid True Potato Seeds အာလူးမျိုးသည် အာလူးမျိုးစေ့(စပ်မျိုး)ဖြစ်ပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးဖြစ်၍ စိုက်ပျိုးစရိတ်အကုန်အကျ သက်သာသဖြင့် တောင်သူများအတွက် စီးပွားဖြစ်ထွန်းအောင်မြင်ကြောင်း သိရှိရသည်။

ဖွံ့ဖြိုးတိုးတက်

ထို့ပြင် နန်းတိုင်းစံပြကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကယားပြည်နယ်သို့ သွားသည့် ကားလမ်းမကြီးပေါ်၌ရှိသဖြင့် မော်တော်ကား၊ မီးရထားစသည်ဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းခြင်း၊ လျှပ်စစ်မီးအသုံးပြုနိုင်ခြင်း၊ ကလောမြို့ပေါ်ရှိ သဘာဝ ရွှေဥမင်လိုဏ်ဂူဘုရား၊ မြင်းမထိကျေးရွာ မြင်းမထိလိုဏ်ဂူဘုရားနှင့် ကျေးရွာတိုင်း ဘုန်းတော်ကြီးကျောင်းများ၌ စာသင်သံဃာများဖြင့် နယ်မြေအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

9-3 (11).p65 1 3/26/1905, 9:56 PM

MRTV-4 ရုပ်သံလိုင်းအား ဒီဂျစ်တယ်စနစ်ဖြင့် တိုးချဲ့ထုတ်လွှင့်ခြင်းလုပ်ငန်းဆောင်ရွက်မည့်သဘောတူစာချုပ်ချုပ်ဆို

ရန်ကုန် မတ် ၈

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Forever Group Co., Ltd. တို့ အကြား MRTV-4 ရုပ်သံလိုင်းအား ဒီဂျစ်တယ်စနစ်ဖြင့် တိုးချဲ့ထုတ်လွှင့်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် သဘောတူစာချုပ်–ချုပ်ဆိုခြင်း အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အဆောက်အအုံရှိ ညှိနှိုင်းခန်းမ၌ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် Forever Group Co., Ltd. မှ ဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် Forever Group Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ခင်လေးတို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။**(ယာပုံ)**

MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ ဖမ်းယူကြည့်ရှုနိုင်ရာမှ ယခုအခါ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ အမရပူရမြို့၊ ကျောက်ဆည်မြို့၊ မြစ်သားမြို့၊ နွားထိုးကြီးမြို့၊ မြင်းခြံမြို့၊ ရေစကြိုမြို့၊ မအူ၊ ချောင်းဦး၊ မြင်းမူမြို့၊ မတ္တရာမြို့၊ စဥ့်ကူးမြို့၊ ရွှေဘိုမြို့တို့နှင့် အနီးတစ်ဝိုက်မှ DVB-T ရီဆာဗာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်းသိရှိရသည်။ အလားတူ ပဲခူးမြို့၊ တောင်ကြီးမြို့တို့နှင့် အနီးတစ်ဝိုက်၌ လည်း မကြာမီဖမ်းယူကြည့်ရှုနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကျင်းပ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် အဖွင့်အမှာစကားပြောကြား

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (International Women's Day) အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက အဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနကြီးမှူးများနှင့် ဒေသစည်းရုံးရေးမှူးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Mme. Phoebe A. Gomez နှင့် အမျိုးသမီး သံအမတ်ကြီးများ၊ သံအမတ်ကြီးများ၏ ဇနီးများ၊ စစ်သံမှူးများ၏ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Charles Petrie က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မတ် ၄ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သည့် အာဆီယံ+၃ မူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းဖော်ပြပြီး) (ပြန်/ဆက်)

စီးပွား/ ကူးသန်းက ချန်ပီယံဘဏ္ဍာ/ အခွန်ကိုအနိုင်ရရှိ သစ်တောရေးရာက စွန်ရဲအသင်းကိုဂိုးပြတ်နိုင်

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅–၂၀၀၆ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက ဘဏ္ဍာ/အခွန်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်းအသင်း ယနေ့ပွဲစဉ်၌ အနိုင်ရရှိလိုက်ခြင်းသည် ပွဲမကုန်မီ ချန်ပီယံဆုရရှိထားသည့် ဘဏ္ဍာ/အခွန်အသင်း၏ ရှုံးပွဲမရှိ စံချိန်ကို ရိုက်ချိုးလိုက်ခြင်းဖြစ်သကဲ့သို့ ဒုတိယဆုအတွက်ပါ သေချာသွားစေခဲ့ရသည်။

စီးပွား/ကူးသန်းအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲစပြီး ၁၀မိနစ်အကြာတွင် ရာဇာဝင်းသိန်းက သွင်းယူပေးသည်။

စီးပွား/ကူးသန်းအသင်းသည် ပထမပိုင်း၌ အချိတ်အဆက် မိမိဖြင့် အသင်းလိုက်ကစားကွက်ဖော်ကစားခဲ့ပြီး ဒုတိယပိုင်း၌ ဂိုးမပေးရေးအတွက် ခံစစ်အားပြုကစားသွားသည်။ ပွဲအပြီးတွင် စီးပွား/ကူးသန်း အသင်းသားများ ချန်ပီယံဆုရသည့်အလား အောင်ပွဲခံပျော်မြူးခဲ့ကြသည်။

ယနေ့ပွဲစဉ်များအပြီးတွင် နှစ်သင်းစလုံး ပွဲကုန်သွားပြီဖြစ်ရာ ဘဏ္ဍာ/အခွန်အသင်းက ၁၅ပွဲကစား ၁၃ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး အမှတ်၄၀ဖြင့် ပထမ၊ စီးပွား/ကူးသန်းအသင်းက ၁၅ပွဲကစား ၁၀ပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံး ၃၄မှတ်ဖြင့် ဒုတိယရရှိသည်။

လှိုင်သာယာကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ သစ်တောရေးရာအသင်းနှင့် စွန်ရဲအသင်းတို့ ယှဉ်ပြိုင်ကစားရာ သစ်တောရေးရာအသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ စွန်ရဲအသင်းက ပထမပိုင်း၌ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်သော်လည်း ဒုတိယပိုင်း၌ သစ်တောရေးရာအသင်းက လေးဂိုးပြန်သွင်းကာ ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မတ် ၉ ရက် **(ယနေ့)** ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပို့ဆောင်ရေးအသင်းနှင့် ရထားပို့ဆောင်ရေးအသင်း၊ လှိုင်သာယာကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

တရားစခန်းနှင့်ဒုလ္လဘဝတ်ပွဲ

ရန်ကုန် မတ် ၈

သာကေတမြို့ ကျက်သရေဆောင် ၁၀၈ တောင် စွယ်တော်ရှင်ဘုရားကြီးအနီး ညောင်ရိပ်သာ တရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသီကာရနည်း အရ ပဓာန နာယက အရှင်ကေသရာဘိဝံသ ဆရာတော်က သင်္ကြန်အကြိုမတ် ၂၅ရက်မှ ၃၁ရက်အထိ တစ်ကြိမ်၊ သင်္ကြန်တွင် ဧပြီ ၁၀ ရက်မှ ၁၆ ရက်အထိတစ်ကြိမ် ခုနစ်ရက် အဓိဋ္ဌာန် တရားစခန်းကို ဟောပြောပြသမည်ဖြစ်ရာ ဒုလ္လဘရဟန်းခံရှင်ပြု သာသနာ့နွယ်ဝင်သီလရှင်ဝတ်၍ တရားစခန်းဝင်လိုသူများနှင့် ယောဂီများသည် ဖုန်း–၅၄၇၀၂၅ သို့ ဆက်သွယ်ဝင်ရောက်နိုင်ကြောင်းသိရသည်။

(က–ပ)

ပရီမီယာရှစ်ချန်ပီယံချယ်လ်ဆီး ချန်ပီယံလိဂ်မှထွက်ရပြီ

ဂျူဗင်းတပ်စ်အဝေးဂိုးဖြင့် ကွာတားဖိုင်နယ်တက်ရောက်

ဘာစီလိုနာ မတ် ၈

ချန်ပီယံလိဂ်ရှုံးထွက် ဘောလုံးပြိုင်ပွဲများကို မတ် ၇ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘာစီလိုနာ၊ ဂျူဗင်းတပ်စ်နှင့် ဗီလာရီးရဲအသင်းတို့ ပြိုင်ဘက်အသင်းများအပေါ် အနိုင်ရရှိကာ နောက်ဆုံးရှစ်သင်းပြိုင်ပွဲသို့ အသီးသီး တက်ရောက်သွားကြပြီဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် ပရီမီယာရှစ် ချန်ပီယံ ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ရော်နယ်ဒင်ဟိုက ဘာစီလိုနာအသင်းအတွက် တစ်ဂိုးသွင်းပေးပြီး နောက်ဆုံးရှစ်သင်း ပြိုင်ပွဲသို့ ဘာစီလိုနာအသင်းအား ပို့ပေးလိုက်သည်။

သွင်းယူပေးခဲ့

ချယ်လ်ဆီးအသင်းမှ ဒရော့ဘာနှင့် ဂျိုးကိုးလ်တို့သည် ဖွေဆော်ဦး ဂိုးသွင်းခွင့်များရရှိသော်လည်း ဂိုးမရရှိခဲ့ပေ။ ရော်နယ်ဒင်ဟို ဂိုးမသွင်းမီ ဟာနန်ခရက်စ်ပို အနီးကပ်ကန်သွင်းရာ ဘောလုံးမှာ ဘေးထွက်သွားခဲ့သည်။ ယင်းနောက် ရော်နယ်ဒင်ဟိုက ပွဲချိန် ၇၈ မိနစ်တွင် တစ်ဦးချင်း ကျွမ်းကျင်ပိုင်နိုင်စွာ ထိုးဖောက်၍ ဘာစီလိုနာအတွက် သွင်းယူပေးခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို လေလွင့်ချိန်တွင် ဖရန့်လမ်းပတ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ဘာဆီလိုနာမှ လီယိုနယ်မက်ဆီသည် ချယ်လ်ဆီးမှ ရော်ဘင် ခြေထိုးဖျက်ထုတ်သဖြင့် ဒဏ်ရာရရှိပြီး ပွဲစ၍ မကြာမီမှာပင် ပြိုင်ပွဲမှထွက်သွားရသည်။ ၎င်းအစား လာဆင် ဝင်ကစားခဲ့သည်။ ယင်းမတိုင်မီက ချယ်လ်ဆီးက ခြိမ်းခြောက်ကစားရာ ဂျိုးကိုးလ်ဖြတ်တင်ပေးလိုက်သော ဘောလုံးမှာ မြင့်သွား၍ ဒရော့ဘာနှင့် လွဲသွားသည်။

နှစ်ပွဲပေါင်းရလဒ်

မက်ဆီမထွက်မီ ရော်နယ်ဒင်ဟိုက မက်ဆီထံ ခုတ်တင်ပေးလိုက်ရာ မက်ဆီ ကန်သွင်းသော်လည်း ကာဗယ်လ်ဟိုဖျက်ထုတ်၍ ဂိုးမရဘဲ ဖြစ်ခဲ့ရသည်။ ဒရော့ဘာသွင်းသော ခေါင်းတိုက်ဂိုး ဝင်သွားခဲ့လျှင် နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုး- နှစ်ဂိုးဖြစ်သွားနိုင်သည်။

အောင်ပွဲခံ

ရိန်းဂျားအသင်းအတွက် ဖွေဆော်ဦးဂိုး သွင်းပေးခဲ့သည့် လော်ဗန်ခရမ်းစ် ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ- အင်တာနက်)

ဘာစီလိုနာအသင်းသည် ပွဲစပြီး ၂၄ မိနစ်အတွင်း မက်ဆီထွက်သွားသဖြင့် ပြန်လည်တိုက်စစ်ဆင် ကစားရာတွင် အခက်အခဲနှင့် ကြုံခဲ့ရသည်။

အားပေးခဲ့ကြ

ချယ်လ်ဆီးအသင်းက ဆက်လက်ခြိမ်းခြောက်ကစားရာ ရော့ဘင် ပြေးဆွဲလာပြီးကန်သွင်းရာ ဘာစီလိုနာ ဂိုးသမား ဗယ်လ်ဒက် ကာကွယ်လိုက်နိုင်သည်။ ယင်းနောက် မကြာမီ

အဝေးဂိုးဖြင့် အနိုင်ရရှိသွားသော ဗီလာရီးရဲအသင်းသားများ အောင်ပွဲခံနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မှာပင် ဘာစီလိုနာတိုက်စစ်မှူး ရော်နယ်ဒင်ဟိုက ဂိုးစတင်သွင်းယူလိုက်သည်။ ထိုအချိန်တွင် ဘာစီလိုနာ ပရိသတ်ကြီးမှာ လက်ခုပ်သံများ ကွင်းလုံးညံအောင် အားပေးခဲ့ကြသည်။

ပွဲပြီးရန် နီးကပ်လာပြီ ဖြစ်၍ ချယ်လ်ဆီးနည်းပြ မော်ရင်ဟို ထိုင်ခုံ၌ ထိုင်၍ ကွပ်ကဲမှုများ မလုပ်နိုင်တော့ဘဲ ကွင်းစည်းဘေးမှ အနီးကပ်ကြီးကြပ်နေရသည်။ လေလွင့်ချိန်တွင် လမ်းပတ်က ပယ်နယ်တီမှတစ်ဆင့် ချယ်လ်ဆီးအသင်းအတွက် နှစ်သိမ့်ဂိုး သွင်းယူပေးခဲ့သည်။

ဆွတ်ခူးနိုင်ခဲ့

ဘာစီလိုနာအသင်းက ချယ်လ်ဆီးအသင်းအား နှစ်ပွဲပေါင်းရလဒ် သုံးဂိုး- နှစ်ဂိုးဖြင့် ချန်ပီယံလိဂ် နောက်ဆုံးပြိုင်ပွဲ ရှစ်သင်းသို့ တက်ရောက်သွားပြီဖြစ်သည်။ ဘာစီလိုနာအသင်းသည် ၁၉၉၂ ခုနှစ်က အဆိုပါချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည့် အသင်းဖြစ်သည်။

တစ်ဖန် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် အီတလီချန်ပီယံ ဂျူဗင်းတပ်စ်နှင့် ဂျာမနီချန်ပီယံ ဝါဒါဘရီမင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂျူဗင်းတပ်စ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

အရှုံးပေးလိုက်ရ

ဝါဒါဘရီမင် ဂိုးသမား ဝီဆေးသည် ပွဲပြီးရန် နှစ်မိနစ်သာလိုတော့သည့်အချိန် အမှားတစ်ခုလုပ်မိလိုက်၍ ဂျူဗင်းတပ်စ်ကို အဝေးဂိုးစည်းမျဉ်းအရ အရှုံးပေးလိုက်ရသည်။

ဝါဒါဘရီမင်ဂိုးသမား ဝီဆေးသည် ဘရာဇီးအလယ်တန်းလူ ဂျူဗင်းတပ်စ်ကစားသမား အီမာဆင်အနီး ဘောလုံး လွတ်ကျစဉ် ၎င်းက အမှတ်မထင် သွင်းယူလိုက်သည်။ ဝါဒါဘရီမင်တို့ သည်ပွဲစပြီး၁၃မိနစ်အကြာတွင် ဂျိုဟန် မီကော့၏ ဂိုးဖြင့် ဂျူဗင်းတပ်စ်အသင်းကို နှစ်ပွဲပေါင်းရလဒ် လေးဂိုး- နှစ်ဂိုးဖြင့် ဦးဆောင်နေသည်။

တက်ရောက်

ဂျူဗင်းတပ်စ်တိုက်စစ်မှူး ဒေးဗစ်ထရက်ဇီဂေးက ပွဲချိန် ၆၅မိနစ်တွင် ဂျူဗီတို့၏ မျှော်လင့်ချက်ဂိုးကို သွင်းယူပေးလိုက်သည်။ နောက်ဆုံး ဝီဆေး၏အမှားကြောင့် ဂျူဗင်းတပ်စ်တို့ နောက်ဆုံးရှစ်သင်း ပြိုင်ပွဲသို့ တက်ရောက် သွားပြီဖြစ်သည်။

ဂျူဗင်းတပ်စ်အသင်းသည် ပြိုင်ပွဲစပြီး မကြာမီမှာပင် မီကော့၏ ဂိုးကြောင့် ဝါဒါဘရီမင်၏ ခြိမ်းခြောက်ခံနေရသည်။ စချူနှင့် ကလာစနစ်တို့ ပွဲစပြီး အလျင်အမြန် အပေးအယူ



ဘာစီလိုနာနှင့် ချယ်လ်ဆီးတို့ယှဉ်ပြိုင်ရာတွင် ချယ်လ်ဆီးမှ ရော့ဘင် (အလယ်)**၏ ထိုးဖောက်မှုကို ဤသို့တွေ့ရသည်။**

(ဓာတ်ပုံ-အင်တာနက်)

လုပ်ပြီး မီကော့ထံ ထိုးပေးလိုက်ရာမှ ဂိုးရသွားခြင်းဖြစ်သည်။

ကာကွယ်ပေးနိုင်ခြင်းမရှိ

သို့ရာတွင် ဝါဒါဘရီမင်ဂိုးသမား ဝီဆေးသည် ပေဗယ်နက်ဗက်နှင့် အီမာဆင်တို့၏ စိုးရိမ်ဖွယ်ရာ ဂိုးများကို ကာကွယ်ပေးနိုင်ခဲ့သည်။ သို့သော်လည်း ဒေးဗစ်ထရက်ဇီဂေး၏ သွင်းဂိုးကိုကား ကာကွယ်နိုင်ခဲ့ခြင်းမရှိပေ။

ဂျာမနီချန်ပီယံ ဝါဒါဘရီမင်အသင်းသည် ပြိုင်ပွဲတစ်လျှောက် ခက်ခဲစွာ ယှဉ်ပြိုင်လာခဲ့ပြီးရာမှ ပွဲပြီးခါနီး နှစ်မိနစ်အလိုတွင် ဂိုးသမား၏ အမှားကြောင့် ချန်ပီယံလိဂ်မှ ထွက်သွားခဲ့ရပြီ ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်ရရှိ

ဂျူဗင်းတပ်စ်နှင့် ဝါဒါဘရီမင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် နှစ်ပွဲပေါင်းရလဒ် လေးဂိုး-လေးဂိုးဖြစ်နေသော်လည်း အဝေးဂိုးစည်းမျဉ်းအရ ဂျူဗင်းတပ်စ်က နောက်ဆုံးရှစ်သင်း အဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသွားသည်။

ဂျူဗင်းတပ်စ်အသင်းသည် ၁၉၉၆ ခုနှစ်က ချန်ပီယံလိဂ် ဖလားကို ဆွတ်ခူးနိုင်ခဲ့သည့် အသင်းဖြစ်သည်။

အိပ်မက်ဖျက်ဆီးပစ်

အလားတူ အဝေးဂိုးရလဒ်ဖြင့် နောက်ဆုံးရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကစားခွင့်ရသည့် အသင်းတစ်သင်းမှာ စပိန်မှ ဗီလာရီးရဲအသင်းဖြစ်သည်။ ဗီလာရီးရဲက အဝေးဂိုးစည်းမျဉ်းရလဒ်ဖြင့် စကော့တလန်ရိန်းဂျားအသင်း၏ ပထမဆုံး ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အိပ်မက်ကို ဖျက်ဆီးပစ်လိုက်သည်။

အဖွင့်ဂိုးရရှိ

ရိန်းဂျားအသင်းက ပွဲစပြီး ၁၂ မိနစ်အတွင်းမှာ ပီတာလော်ဗန်ခရမ်းစ်၏ ဂိုးကြောင့် စောစီးစွာဦးဆောင် ယှဉ်ပြိုင်မှုကိုရရှိခဲ့သည်။ ပီတာလော်ဗန်ခရမ်းစ်က ၁၆ ကိုက်အကွာမှ လှမ်းကန်သွင်းလိုက်၍ ရိန်းဂျားတို့ အဖွင့်ဂိုး ရရှိသွားခဲ့သည်။

ရိန်းဂျားအသင်းသည် ဒီဂိုဖော်လန်၏သွင်းဂိုးကို ဂိုးသမား ဝါးတားရီးရပ်စ် ကာကွယ်နိုင်ခဲ့ပြီးနောက် ရိန်းဂျားတို့ ပထမပိုင်းတွင် စိုးမိုးကစားနိုင်ခဲ့သည်။

လူစားလဲခြင်းမရှိ

သို့ရာတွင် ဒုတိယပိုင်း ပြန်စပြီး မကြာမီမှာပင် အာရှဘာရင်နာက ဖော်လန်ထိုးပေးလိုက်သော ဘောလုံးမှတစ်ဆင့် ဗီလာရီးရဲအတွက် ချေပဂိုး သွင်းယူခဲ့သည်။ ဗီလာရီးရဲအသင်းသည် ပထမပိုင်းတွင် ကွင်းလယ်ကစားသမား ပါဗလိုဆိုရင် ဒဏ်ရာရနေသော်လည်း လူလဲကစားခြင်းမရှိဘဲ ဆက်လက်ကစားခဲ့သည်။

ရိန်းဂျားအသင်းသည် ပထမပိုင်းတွင် ဗီလာရီးရဲအသင်းကို ခြိမ်းခြောက်ကစားနိုင်ခဲ့သည့်အပြင် ဘောလုံးပိုင်ဆိုင်မှုလည်း ကောင်းခဲ့သည်။

ထိုးဖောက်ကစား

ဒုတိယပိုင်းတွင် ရိန်းဂျားတိုက်စစ်မှူး ဘတ်ဖ်ဖီး ပယ်နယ်တီ ဧရိယာအစွန်းမှ လှမ်းကန်သွင်းလိုက်ရာ ဗီလာရီးရဲဂိုးသမား ပုတ်ထုတ် ကာကွယ်လိုက်ရသည်။ ဗီလာရီးရဲက ရံဖန်ရံခါမှသာ ပြန်လည်ထိုးဖောက်ကစားနိုင်ခဲ့သည်။

ဒုတိယပိုင်း ပြန်စပြီး လေးမိနစ်အကြာတွင် ဗီလာရီးရဲတိုက်စစ်မှူး ဖော်လန်က အသင်းခေါင်းဆောင် အာရှဘာရင်နာအား ဘောလုံးထိုးပေးလိုက်ရာ ဗီလာရီးရဲတို့ ချေပဂိုး သွင်းယူနိုင်ခဲ့သည်။

ဂိုးမရဘဲဖြစ်သွားခဲ့ရ

ယင်းဂိုးသွင်းပြီးနောက် ဗီလာရီးရဲတို့ ရိန်းဂျားကို ပြန်ထိန်းကစားနိုင်ခဲ့သည်။ ဖော်လန်က ဖရန်ကိုအား အကွက်ဆင်ပေးလိုက်သောဘောလုံးမှာ ဂိုးသွင်းခွင့်အပိုင်ရသော်လည်း ရိန်းဂျားနောက်တန်း ကစားသမား အဖျက်ဦးသွား၍ ဂိုးမရဘဲဖြစ်ခဲ့ရသည်။ ။

(အင်တာနက်)

စုစည်းတင်ဆက်သူ

သတင်းထောက်မြင့်စိုး

ကမ္ဘာတစ်လွှား အားကစား

လီဗာပူးအသင်း မန်နေဂျာ ဘင်နီတက်ဇ် အင်န်ဖီးလ်ကို မစွန့်ခွာသေးဟုဆို

လီဗာပူး မတ် ၈

လီဗာပူးအသင်းမန်နေဂျာ ရာဖေးလ်ဘင်နီတက်ဇ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ဘင်ဖီကာအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် အင်န်ဖီးလ်၌ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း အခိုင်အမာ ပြောကြားလိုက်သည်။

ပြဿနာတစ်စုံတစ်ရာမရှိ

စပိန်နိုင်ငံသား ဘင်နီတက်ဇ်သည် ရီးရဲမက်ဒရစ်နှင့် အင်တာမီလန်သို့ ဆက်သွယ်ခဲ့ရာ ပေါင်သန်း ၃၀ မရလျှင် ယခုနှစ်ရာသီအကုန်တွင် ထွက်ခွာမည်ဟုဆိုသည်။ သို့ရာတွင် အမှုဆောင်ဥက္ကဋ္ဌ ဘုတ်အဖွဲ့နှင့်ပြဿနာတစ်စုံတစ်ရာ မရှိကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။

လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်။

(ဓာတ်ပုံ-အင်တာနက်)

စိုးရိမ်ပူပန်မိ

မိမိတို့ ယခုပွဲ အနိုင်ရလျှင် အားလုံးအဆင်ပြေသွားမည်ဖြစ်ကြောင်း၊ အခြားအရာများ ပြောစရာမရှိကြောင်း၊ ပြိုင်ပွဲမှာ အနိုင်ရရှိရေးသာ အရေးကြီးကြောင်း၊ လီဗာပူးအသင်း အနိုင်ရရေးနှင့် လီဗာပူး တိုးတက်မှုရှိရေးကိုသာ မိမိမျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)



မော်လမြိုင်ကျွန်းမြို့၌ သံမဏိကြိုးဆိုင်းတံတားသစ်ဖွင့်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၇

မော်လမြိုင်ကျွန်းမြို့နယ် မရမ်းကျေးရွာအုပ်စု မရမ်းကျေးရွာနှင့် ကြိုးခွေကျေးရွာ ဆက်သွယ်သော ငွေကျပ် ၈၆ သိန်းကျော်တန် သံမဏိကြိုးဆိုင်းတံတားသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက တံတားသစ်၌ ကျင်းပရာ သံမဏိကြိုးဆိုင်း တံတားဆောက်လုပ်လှူဒါန်းသော မရမ်းကျေးရွာအုပ်စု ပန်းတောစု ကျေးရွာ တိပိဋကဓရ၊တိပိဋက ကောဝိဒ၊တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်) နှင့် ရန်ကုန်မြို့ ရွှေပဒေသာ ပြည်လုံးချမ်းသာ ဆေးတိုက်ပိုင်ရှင် ဦးဘိုကြီး-ဒေါ်သန်းသန်း မိသားစုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသနှင့် နာယက ဆရာတော်များ၊ မြို့နယ်အတွင်းရေးမှူး ဦးမြင့်ခိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့ ပေါင်းစုံမှ ပုဂ္ဂိုလ်များ၊ ကျေးရွာငါးရွာမှ ပြည်သူများတက်ရောက်ကြသည်။

တင်ပြ

အဆိုပါ သံမဏိကြိုးဆိုင်းတံတား ဆောက်လုပ်ပြီးစီးသွားသဖြင့် မရမ်း၊ လောကဓာတ်၊ ထိန်ကျွန်းနှင့် ကျီးပင်စုကျေးရွာများမှ ပြည်သူများ တစ်ရွာနှင့်တစ်ရွာ သွားလာဆက်သွယ်ရေး အဆင်ပြေလွယ်ကူသွားပြီ ဖြစ်သည်။

ဖြတ်သန်း

ဖွင့်ပွဲအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများက သံမဏိဆိုင်းကြိုးတံတားသစ်ပေါ်မှ ဖြတ်သန်းလျှောက်ကြသည်။**(အပေါ်ဝဲပုံ) (၀၉၇)**

ခြံစည်းရိုးကြက်ဆူပင်စုပေါင်းပျိုးပွဲ ဖလမ်းမြို့၌ကျင်းပ

ဖလမ်း ဖေဖော်ဝါရီ ၁၅

ချင်းပြည်နယ် ဖလမ်းမြို့နယ် လုံပီးစိုက်ပျိုးရေးခြံ၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးပွဲတော်ကို ဇန်နဝါရီ ၂၆ ရက်ကကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက အမှာစကားပြောကြားပြီး ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးအောင်က ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများနှင့် မျိုးစေ့ထုပ်များကို ပေးအပ်သည်။

ပျိုးထောင်ပေး

ယင်းနောက် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှဦးဆောင်လျက် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များက သတ်မှတ်နေရာများတွင် ပျိုးကိုင်းနှင့် မျိုးစေ့များကို အိတ်အတွင်းထည့်သွင်း ပျိုးထောင်ပေးကြသည်။

အဆိုပါ ဖလမ်းခရိုင် လုံပီးကျေးရွာ ကြက်ဆူပျိုးထောင်ပွဲတွင် ကြက်ဆူကိုင်း မျိုးအိတ်ပေါင်း ခုနစ်သောင်းနှင့် မျိုးစေ့အိတ်ပေါင်း သုံးသောင်း ပျိုးထောင်စိုက်ပျိုးကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ဇန်နဝါရီ ၂၂ ရက်က မင်းညိုစံလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ငွေဆောင်မြို့ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေးဆွေးနွေး

ငွေဆောင် ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငွေဆောင်မြို့အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၇ရက် နံနက် ၁၀နာရီက သလပ်ခွာကျေးရွာ ပညာပဒေသာစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ရှင်းလင်း ဆွေးနွေးသည်။

ရှေ့လုပ်ငန်းစဉ်များဆွေးနွေး

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သလပ်ခွာကျေးရွာအုပ်စု၊ အလယ်ရွာကျေးရွာအုပ်စု၊ ကြက်တူရွေးကျေးရွာအုပ်စု၊ မဒေါ့ကုန်းကျေးရွာအုပ်စုနှင့် ငကွကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး ရှေ့လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော မြို့ပတ်လမ်း အုတ်ခုံသစ်သားတံတား တည်ဆောက်မှု အခြေအနေကို ဇန်နဝါရီ ၂၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းနှင့် ဒုတိယဦးစီးမှူး ဦးအောင်လွင်တို့ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ခင်ဦး မြို့မဈေး၌ အလေးချိန်မှန်ကန်ရေးစစ်ဆေး

ခင်ဦး ဖေဖော်ဝါရီ ၂၀

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၂၁ရက် နံနက်က မြို့မဈေးအတွင်းရှိ သား၊ ငါး အရောင်းဆိုင်များနှင့် ဈေးဆိုင်များကို အလေးချိန်မှန်ကန်စွာ ရောင်းချမှု စစ်ဆေးကြပြီး အလေးချိန်မပြည့်သည့် အလေးများ အသုံးပြုရောင်းချသူ ၁၅ ဦးအား ပညာပေးဟောပြောကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အလေးချိန်မှန်ကန်စွာဖြင့် ရောင်းချမှုမရှိသူများအား စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော မြို့တွင်းလမ်းများ လမ်းပေါက်ဖာထေးခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဦးအောင်ကိုဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကန်တော်-လွယ်ခေါ့လမ်း ကျောက်ချောခင်း

ညောင်ရွှေ ဖေဖော်ဝါရီ ၂၄

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည်မြို့တွင်းလမ်းတံတား ပြုပြင် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၂ ရက်က ကန်တော်-လွယ်ခေါ့ လမ်း ကျောက်ချောခင်း ခြင်းလုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲမွန်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်တိုးတို့က ကြီးကြပ်ဆောင် ရွက်ပေးကြောင်း သိရသည်။ (နယ်စပ်/စည်ပင်)

ကြီးကြပ်ပေး

ဇန်နဝါရီ ၂၁ ရက်က ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်ပေးသော မြို့အဝင်အောင်မင်္ဂလာကန် ဝန်းကျင် မြေခင်းအလှနှင့် သန့်ရှင်းရေး ဆောင်ရွက်ရာသို့ (ခေတ္တ)အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်နှင့် တာဝန်ခံ အင်ဂျင်နီယာဦးကောင်း မြတ်ထွေးတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ကြီးမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ကျောက်ကြီးမြို့ ဖေဖော်ဝါရီ ၂၄

ပဲခူးတိုင်း ကျောက်ကြီးမြို့ စည်ပင်သာယာဈေး မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်မှု အခြေအနေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်တို့ ဖေဖော်ဝါရီ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးကြရာ ဈေးတာဝန်ခံ ဦးကျော်စိုးဦးက ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးကြသည်။ **(၂၁၁)**

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဟွေကုန်းကျေးရွာ ကျေး လက် ကျောက် ချော လမ်း ခင်း ခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၅ ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်သူမြင့်တို့ ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ

၁၀-၃-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မန္တလေးတိုင်းအတွင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများ)
၁၁း၃၅ သုတကမ္ဘာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (ငှက်ဖျားရောဂါ)
၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (တူယှဉ်လက်တွဲ)

ညနေပိုင်း

၁၆း၁၅ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာအစီအစဉ်(မြန်မာစာ)
၁၇း၀၀ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဆုရတေးများ
၁၇း၃၀ မေတို့ရေးရာသိမှတ်စရာ (မန္တလေးတိုင်းမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွှန့်နှင့် ဆွေးနွေးခန်း)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဓာတ်လမ်း(နွေရောက်ပြီ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (မျက်နှာအကြောင်း-မောင်ဆုရှင်)
၁၉း၁၅ ဆွေးနွေးခန်း (မုံရွာမြို့မှ မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအကြောင်း)

မတ္တရာမြို့ ခတ္တာလမ်း ကတ္တရာလမ်းသစ်ဖွင့်

မတ္တရာ မတ် ၄

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ခတ္တာလမ်း အရှည် ၈၈၅ ပေ၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက်၈နာရီခွဲက ခတ္တာလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါလမ်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျခံငွေကျပ် ၂၁၀၀၀၀၀၊ ပြည်သူများထည့်ဝင်ငွေကျပ် ၆၁၃၀၀၀ နှင့် စုစုပေါင်းကုန်ကျငွေ ၂၇၁၃၀၀၀ ဖြစ်ပြီး ယခု အခါ ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့ပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကောင်းမွန်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မြောင်မြို့နယ်၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်

မြောင် ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးပြီး မြန်မာ့ရိုးရာ ထမနဲ ထိုးပြိုင်ပွဲကို တပို့တွဲလပြည့်နေ့က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင် ကုတို့ကုန်း၊ မရိုးကုန်း၊ တောင်ရပ်၊ အလယ်ရပ်၊ မြောက်ရပ်နှင့် မြို့သစ်ရပ်အဖွဲ့များ ပါဝင်ယှဉ်ပြိုင်ကြရာ မရိုးကုန်းအဖွဲ့က ပထမ၊ မြို့သစ်ရပ်အဖွဲ့က ဒုတိယနှင့် မြောက်ရပ်အဖွဲ့က တတိယရရှိကြရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပပမင်းနှင့်တာဝန်ရှိသူများကဆုများချီးမြှင့်ပေးကြသည်။ **(၃၆၇)**

ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် လမ်းများကို ဖေဖော်ဝါရီ ၂၇ရက်က ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးတင်ဝင်းတို့ ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး ပုသိမ်၌ သရုပ်ပြလေ့ကျင့်

ပုသိမ် မတ် ၆

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးလောင်ဆုံးရှုံးမှုမရှိစေရေးနှင့် မီးဘေး ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မတ် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရွှေပြည်သာ ဈေးအတွင်း ဈေးသူဈေးသားများ၊ ဈေးမိဈေးဖများ၊ ဈေးအကျိုးတော်ဆောင်များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးလက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှု ကျင်းပရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဇင်တို့ ကြပ်မတ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

နွားထိုးကြီးမြို့၌ ကြက်ဆူပင်စိုက်ပျိုးရေးဆောင်ရွက်

နွားထိုးကြီး ဖေဖော်ဝါရီ ၁၅

နွားထိုးကြီးမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းက အမှာစကားပြောကြားပြီး ခရိုင်မြေစာရင်းဦးစီးမှူး ဦးအောင်ကြည်ဦးနှင့် ခရိုင်လက်ထောက် စိုက်ပျိုးရေးမန်နေဂျာ ဦးသန်းဆွေတို့က ကြက်ဆူပင်စိုက်ပျိုးရေး ရှင်းလင်းပြောကြားကာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်းက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် တာဝန်ပေးအပ်သည်။ **(၂၁၃)**

(၁၀၃)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး သုခမ္မမဏိဓောတရေ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်) စာပေဆုများနှင့် လူမှုထူးချွန် ပထမဆင့်**(အပေါ်ပုံ)**သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီးတွင် မတ်၃ရက်က (၁၀၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

သဲကုန်း စိုက်ပျိုးရေးသုတေသနခြံ၌ ခြံစည်းရိုးကြက်ဆူပျိုးထောင် သိမှတ်ဖွယ်ရာနှင့် ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်ရေး ရှင်းလင်း

သဲကုန်း မတ် ၁

ပြည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးသည် ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ခင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ရက် နံနက်၈နာရီခွဲက သဲကုန်းမြို့နယ် စိုက်ပျိုးရေးသုတေသနခြံတွင် ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

သိမှတ်ဖွယ်ရာများရှင်းလင်း

အခမ်းအနားတွင် သဲကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဋ္ဌေးနိုင်က မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန်လျာထားမှု စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားမှု အခြေအနေတို့ကို တင်ပြပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးလှမြင့်က ခြံစည်းရိုးကြက်ဆူပင်အကြောင်း သိမှတ်ဖွယ်ရာများ ပြောကြားသည်။

မျိုးစေ့နှင့် ပျိုးကိုင်းများပေးအပ်

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အကျယ်တဝင့်ရှင်းလင်းမှာကြားရာ တက်ရောက်လာကြသော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ရပ်ကွက်နှင့် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များသို့ မျိုးစေ့နှင့် ပျိုးကိုင်းများ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်စံပြပျိုးဥယျာဉ်သို့ တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက ဒေသခံပြည်သူများနှင့်အတူ မျိုးစေ့များကို ပျိုးအိတ်များအတွင်းထည့်သွင်း၍ ပျိုးအိတ် ၄၀၀၀၀ဖြင့် ပျိုးထောင်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မလှိုင်မြို့နယ်တွင် မီးသုံးစွဲမှုသတိပေး နှိုးဆော်ခြင်းနှင့် မီးသတ်ပစ္စည်းများထားရှိပြီး ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ဇန်နဝါရီ ၂၃ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်း၊ အဖွဲ့ဝင် (၁)ဒုတိယရဲမှူး ဝင်းဇော်၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးအေးသောင်းနှင့် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်မှ ဥက္ကဋ္ဌများ ကြီးကြပ်ပြီး မီးသတ် ရေကန်များ ရေဖြည့်တင်းထားမှုကို စစ်ဆေးကြစဉ်။ (၄၁၉)

ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ရန်ကုန်-မန္တလေး ကားလမ်းဘေး ဝဲယာတစ်လျှောက် သာယာလှပရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၆ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုင်းဖြတ်မြို့ ရေပေးရေး

မိုင်းဖြတ်မြို့ဈေးတန်းရပ်ကွက်တွင် တည်ဆောက်ပြီးစီးသော မြို့ရေပေးရေး အုတ်ကန်ကို ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုဝေ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂) မြို့ပြ ဦးလှမျိုးက ဆောင်ရွက် ပြီးစီးမှုနှင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဧည့်သည်တော် သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်အား နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်

ကြိုဆို နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ရှေ့ဖုံးမှ

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးကြည်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Bhaskar Kumar Mitra နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသည့် အထူးလေယာဉ်သည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် ***စာမျက်နှာ ၃ ကော်လံ ၁*** ■



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ရောက်ရှိလာသည့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊အဗ္ဗဒူလ်ကလမ်တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။
(သတင်းစဉ်)